မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၃၂၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယူကရိန်းနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၉ခုနှစ် ဩဂုတ်၂၄ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာဗစ်တာ ယူရှ်ချန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ယူကရိန်းနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၉ခုနှစ် ဩဂုတ်၂၄ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံဝန်ကြီးချုပ် မစ္စယူလီယာ တီမိုရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်က သီးနှံအလိုက် တစ်ဧကအထွက်နှုန်းမြင့်မားရေး အားပေးဆောင်ရွက်နေ ယခင်က စပါး လုံးဝ မစိုက်ပျိုးခဲ့သောဒေသ၌ စပါးဖြစ်ထွန်းအောင်မြင်မှုကို နမူနာယူ တည်ဆောက်ပေးထားသည့် မြစ်ရေတင်စီမံကိန်းများကို အကျိုးရှိရှိ အသုံးချ

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး မိမိတို့ကိုယ်တိုင် ကြိုးပမ်းလုပ်ကိုင် ရာသီဥတုအခြေအနေပေးမှုအပေါ် ဖြစ်ထွန်းအောင်မြင်မည့် သီးနှံများကို ရွေးချယ်စိုက်ပျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ညောင်ဦးမြို့နယ် ရှင်မိန်ကျေးရွာ စက်ရေတွင်းမှ ရေစတင်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဩဂုတ်၂၁ရက် ညနေ ၃နာရီတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့သို့ ညနေ ၄နာရီခွဲတွင် ရောက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ပျော်ဘွယ်မြို့နယ် ဘုရားငါးဆူဒေသ တွင်းရွာ ကွင်းအမှတ်(၂၃၃)ရှိ တောင်သူ ဦးမြင့်ဦး၏ လယ်မြေသို့ ရောက်ရှိကြပြီး

စာမျက်နှာ ၈ ကော်လံ ၁ *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဩဂုတ် ၂၄ ရက်)

မြန်မာစာပေအမွေအနှစ် တန်ဖိုးထားလေးစားစောင့်ရှောက် တိုင်းကျိုးပြည်ပြု စာပေများပေါ်ထွက်ရေး ကြိုးပမ်းစွမ်းဆောင်

စာပေသည် လူသားတို့၏ လူနေမှုဘဝထဲသို့ နေ့စဉ် နက်နက်ရှိုင်းရှိုင်း ဝင်ရောက်နေသည့် အမျိုးသားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသွင်တစ်ရပ်ဖြစ်သည်။ မြန်မာတို့သည် သမိုင်းအစဉ်အဆက် စာပေကို အမြတ်တနိုး တန်ဖိုးထားလေးစားပြီး စာပေယဉ်ကျေးမှု အနုပညာများကို အခိုင်အမာစောင့်ရှောက်လာခဲ့ကြသည်။

ရှည်လျားသည့် မြန်မာ့သမိုင်းကြောင်းဖြစ်စဉ်တွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများဖြင့် သီးခြားရပ်တည်လာခဲ့ပြီး ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများဖြင့် ရပ်တည်နေနိုင်ခြင်းသည် မြန်မာ့သမိုင်းကြောင်းနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် မြန်မာစာပေ၏ စွမ်းဆောင်မှုဂုဏ်ဒြပ်ပင် ဖြစ်သည်။

ခေတ်အဆက်ဆက် စာပေပညာရှင်များအပါအဝင် နိုင်ငံအကျိုးသယ်ပိုးထမ်းရွက်ကြသည့် မျိုးချစ်ပုဂ္ဂိုလ်များ၏ အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုကြောင့် မှန်ကန်သောအတွေးအခေါ် အသိအမြင်များ၊ စံပြုအပ်သည့်ကိုယ်ကျင့်တရားများ ဆက်နွယ်ပေါင်းစပ် ပျံ့နှံ့လျက်ရှိသည်။

စာပေပညာရှင်များသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်သဖွယ်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှု ရေရှည်တည်တံ့ပြီး နိုင်ငံတကာအလယ်၌ အမျိုးသားရေးဥပမိရပ် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်နေကြသည့် အမျိုးသားရေးအင်အားစုများလည်းဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းတစ်ပါးကျူးကျော်နယ်ချဲ့မှုကို ခံခဲ့ရစဉ်က အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုကာလများတွင် စာပေစွမ်းအားဖြင့် လှုံ့ဆော်မှုကြောင့် နယ်ချဲ့တို့အား စည်းလုံးညီညွတ်စွာ ပြန်လည်တိုက်ထုတ်နိုင်ခဲ့ပြီး လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို လက်ဝယ်ပိုင်ပိုင်ပြန်လည်ရယူနိုင်ခဲ့သည်။

သို့ဖြစ်ပေရာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပြည်သူများ နည်းပညာ၊ အသိပညာဖွံ့ဖြိုးတိုးတက်စေရေး၊ စိတ်ဓာတ်မြင့်မားခိုင်ကျည်ရေး၊ ပညာပေးအလင်းပြ အမျိုးသားရေးအနှစ်သာရပြည့်ဝသည့် တိုင်းကျိုးပြည်ပြုစာပေများပေါ်ထွက်ရေးကို စာပေပညာရှင်များက ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီ ရုပ်မြင်သံကြား

၂၄-၈-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြားနတ်မယ်လေးရဲ့ချစ်သံစဉ်** (အပိုင်း-၁၁)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၂၅)
- ၂၄။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၁)

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်းပွဲ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဩဂုတ် ၁၄ရက်က လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၂၃/၂၀၀၉)၊ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၅၁/၂၀၀၉)နှင့် အိမ်တွင်းလက်မှုလုပ်ငန်း ကြိမ်သင်တန်းအမှတ်စဉ်(၅/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် သင်တန်းသူများ ရက်လုပ်ထားသော ရိုးရာအဝတ်အထည်များ၊ ဖာထိုး၊ ပန်းထိုးနှင့် ကြိမ်ထိုး လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းကုန်း၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ကျောင်းကုန်း ဩဂုတ် ၂၃

ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရန်၊ ငါးသယံဇာတများပေါများလာပြီး ငါးထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် ကျေးလက်နေပြည်သူများဘဝ မြင့်မားလာစေရန်အတွက် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်အတွင်း ငါးမျိုးစိုက်ထည့်မည့် ငါးသားပေါက်များ ပေးအပ်ခြင်းနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၆ရက်က ဆိပ်ဖူးနီကျေးရွာအုပ်စု၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြတ်သာထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဦးနှင့်ဝန်ထမ်းများ၊ ကျေးလက်နေတောင်သူများ တက်ရောက်ကြပြီး ကျောင်းကုန်းမြို့နယ်ရှိ စပါးခင်းများအတွင်း ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ငါးခုံးမကြီး ကောင်ရေ ၇၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **စိတ်တစ်ခုသာပြင်လိုက်ပါ** တရားတော် ဆရာတော်အရှင်သုဇာတ (ထန်းတပင်)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၇)
- ၈:၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၉:၁၅ Sports World (Southern Myanmar FC Vs Kanbawza FC)
- ၉:၄၅ ဗီတာမင်ဘီဝမ်းဓာတ်ချို့တဲ့မှု ကာကွယ်ရေးအကြောင်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
- ၁၀:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၄၅ ရွှေဖြူ၏အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့်ခရမ်ဲ့ရော်ဘာဆီသို့
- ၁၁:၀၀ International Show Biz
- ၁၁:၂၀ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း
- ၁၁:၃၀ Make in a Delicious Way (ရသာထူးခြား အီတလီအစားအစာများ)
- ၁၁:၅၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလန်းဝေဖြာမဟူရာ)
- ၁၂:၁၀ စာအုပ်ပြခန်း (စာရေးဆရာ အကြည်တော်နှင့်တွေ့ဆုံခြင်း)
- ၁၂:၃၅ တေးဂီတအစီအစဉ်
- ၁:၀၀ **စိတ်တစ်ခုသာပြင်လိုက်ပါ** တရားတော် ဆရာတော်အရှင်သုဇာတ (ထန်းတပင်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောကျဉ်းရောဂါအတွက် ECP ကုထုံးနည်းပညာ)
- ၃:၃၀ ရတနာစစ်တို့ရဲ့ဘူမိနက်သန်
- ၄:၀၀ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ
- ၄:၂၀ မြန်မာ့အလှဂီတအမွေ (ရွှေကူနန်းနွဲ့နွဲ့နှင့် တွေ့ဆုံခြင်း)
- ၄:၄၅ ဂျူချဲအိုင်ဒီယာ၏သမိုင်းကြောင်း
- ၅:၀၅ ဗီတာမင်ဘီဝမ်းဓာတ်ချို့တဲ့မှု ကာကွယ်ရေးအကြောင်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ International Show Biz
- ၆:၄၀ အနုပညာမိုးကောင်းကင်
- ၇:၁၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလန်းဝေဖြာမဟူရာ)
- ၇:၂၀ စာအုပ်ပြခန်း (စာရေးဆရာအကြည်တော်နှင့် တွေ့ဆုံခြင်း)
- ၇:၄၅ Make in a Delicious Way (ရသာထူးခြားအီတလီ အစားအစာများ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောကျဉ်းရောဂါ အတွက် ECP ကုထုံးနည်းပညာ)
- ၉:၁၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၇)
- ၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁၁:၄၅ မြန်မာ့အလှဂီတအမွေ (ရွှေကူနန်းနွဲ့နွဲ့နှင့်တွေ့ဆုံခြင်း)
- ၁၂:၀၅ **ဆီးချိုသွေးချိုကာကွယ်ပါ** အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး (ဒါရိုက်တာ တင်အောင်ရွှေ-သုတေသီ)
- ၁၂:၃၀ Say it in English
- ၁၂:၄၅ စိုက်ပျိုးဝေဆာတို့မြေမှာ (ဒေါနရွှေဝါပင်စိုက်ပျိုးနည်း)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Liverpool - Aston Villa	ESPN (Live)

ကမာရွတ်မြို့နယ် လှည်းတန်း ၆ လမ်း အမှတ်၂၀နေ မသင်းမြတ် မြတ် နွယ် က မောင်သန့်ဇင်အုန်းအား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေ တ္တာ ရိပ် မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်း လှူနာ (ကင်ဆာ) ဗဟိုသို့

အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြိုးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဝဲလောင်တိုက်နယ်ဆေးရုံ၌ မန္တလေးတိုင်း တောင်သာမြို့နယ်အတွင်းရှိ ပြည်သူများအား မျက်စိရောဂါနှင့် သွားနှင့်ခံတွင်းရောဂါ အခမဲ့ကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

အခမဲ့ဆေးကုသမှုအဖွဲ့ကို ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)ကဦးဆောင်၍ တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ မျက်စိရောဂါ အထူးကုဆရာဝန်ကြီး သုံးဦး၊ သွားနှင့်ခံတွင်းရောဂါ အထူးကုဆရာဝန်ကြီး လေးဦးတို့ဖြင့် ဝေဒနာရှင်များအား ကုသပေးခဲ့ရာ တောင်သာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၅၂၈ဦးအား စစ်ဆေးကုသခဲ့ပြီး လူနာ ၅၀အား မျက်မှန်များ အခမဲ့တပ်ဆင်ပေးခြင်း၊ လူနာ ၅၀အား ခွဲစိတ်ရန် စီစဉ်ပေးခြင်း၊ သွားရောဂါဝေဒနာရှင် ၁၁၀ အား ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

အထက်မြန်မာပြည် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ဩဂုတ်၂၂ရက် နံနက် ၇နာရီခွဲတွင် မန္တလေးတိုင်း အောင်မြေသာစံ မြို့နယ် ရတနာပုံရေကူးကန်၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပါဝင်ယှဉ်ပြိုင်

အခမ်းအနားတွင် အဆင့်မြင့်ပညာ ဦးစီးဌာန အထက်မြန်မာပြည် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ အဆိုပါ ပြိုင်ပွဲသို့ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးပညာရေး ကောလိပ်တို့မှ ပြိုင်ပွဲဝင်အားကစားသမား ၅၇ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

လှူဒါန်း

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောင်းဦးမြို့နယ် ညောင်ပင်သာကျေးရွာ၌ ညောင်ပင်သာ၊ ကျီးကုန်း၊ တောကျောင်းလေး၊ ခင်မွန်နှင့် ဆူးလေကုန်းကျေးရွာတို့မှ ဒေသခံပြည်သူ ၁၅၀၀ ကျော်နှင့် တွေ့ဆုံပြီး ကျေးရွာများအတွက် အားကစားပစ္စည်းများ၊ ဗလာစာအုပ်များ၊ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ၊ ချောင်းမနားကျေးရွာနှင့် ပေါက်တောကျေးရွာရှိ ကျောင်းများ ဆောက်လုပ်ရန်အတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ် သင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ် သင်တန်းအမှတ်စဉ် (၃/၂၀၀၉) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ အရာထမ်း ၂၉ ဦး တက်ရောက်ကြသည်။

အောင်လက်မှတ်ပေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ဆုရရှိကြသူများအား ဆုများချီးမြှင့်ကာ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းသားခေါင်းဆောင်ထံသို့ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရထားလမ်းအူကြောင်း ရှာဖွေခြင်းနှင့် ဘူတာတည်ဆောက်မည့် မြေနေရာများ

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ဩဂုတ် ၂၁ ရက်က အုတ်တွင်းမြို့နယ် ကြက်မနက်ကျေးရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးချဲ့ပြုပြင်ခြင်း စီမံကိန်းရုံးသို့ရောက်ရှိရာ တာဝန်ရှိသူတို့မှ လမ်းကြောင်းအခြေအနေနှင့် လမ်းအူကြောင်း ပဏာမ ရှာဖွေထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြကာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပေါက်ခေါင်းမြို့နယ် ရွာပုကျေးရွာအနီးရှိ ပြည်-ပေါက်ခေါင်း-တောင်ငူ ကားလမ်း တိုးချဲ့ပြုပြင်ခြင်း စီမံကိန်းရုံးသို့ရောက်ရှိရာ တာဝန်ရှိသူတို့က လမ်းကြောင်းအခြေအနေနှင့် နယ်မြေဒေသအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြကာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့သည် ပေါက်ခေါင်းမြို့အဝင်ရှိ ပေါက်ခေါင်းဘူတာတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့သည် ပြည်မြို့နယ် ပေါင်းတလည်ရွာနှင့် ဖြူးကုန်းကျေးရွာအကြားရှိ ပေါင်းတလည်ဘူတာ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူ-ပေါက်ခေါင်းမှ ပြည်ရထားလမ်းပေါ်သို့ ဆက်သွယ်ဝင်ရောက်မည့် ရွှေတံခါးဘူတာအနီးရှိ ကားလမ်းအား ရထားလမ်းဖြတ်ကူးသည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားအသင့်အတင့် ငလျင်လှုပ်

ရန်ကုန် ဩဂုတ် ၂၃

ဩဂုတ် ၂၃ရက် မွန်းလွဲ ၁နာရီ ၅၄မိနစ် ၂၈ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၂၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (အင်ဒိုနီးရှားနိုင်ငံ)တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့်(၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် လှိုင်သာယာမြို့နယ်မှ ကိုယ်စားပြု ပြိုင်ပွဲဝင်ကြသည့် အနုပညာရှင်များအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ဩဂုတ်၂၀ရက်က လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်က အောင်နိုင်ရေးပံ့ပိုးငွေနှင့် အောင်နိုင်ရေးအလံ ပေးအပ်စဉ်။ (၀၉၇)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဩဂုတ် ၂၃

ဇလွန်မြို့နယ်အသင်း စုပေါင်းအလှူ

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဗဟန်းကြားတောရလမ်းရှိ အသင်းတည်ရာ၌ ဩဂုတ် ၃၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင်ကျင်းပမည်ဖြစ်ပြီး လှူဒါန်းလိုသူများ ဖုန်း-၅၁၀၃၆၇နှင့် ၂၉၆၉၄၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သဲကုန်းအထက မြတ်ဆရာပူဇော်ပွဲ

သဲကုန်းအထက ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၁၃၅၈၇နှင့် ၀၉-၅၀-၈၂၉၆၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ယုံကြည်မှုတည်ဆောက်ခြင်း သင်တန်းဖွင့်မည်

မိမိကိုယ်မိမိယုံကြည်မှုရှိစေရန်နှင့် ဘဝကို ပီပြင်စွာတည်ဆောက်လိုသော လူငယ်တိုင်းအတွက် ရည်ရွယ်၍ ယုံကြည်မှုတည်ဆောက်ခြင်းသင်တန်းကို ယခုထပ်မံ၍ စက်တင်ဘာ ၇ရက်တွင် BCB Centre ၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၃၈၅၃၁သို့ ဆက်သွယ်စုံစမ်း စာရင်းသွင်းနိုင်သည်။

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ကျင်းပမည်

နီဘန်အီလက်ထရွန်နစ်၏ ပံ့ပိုးကူညီမှုဖြင့် အီလက်ထရွန်နစ်နှင့် နေထိုင်မှု-၀၉ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၃ရက်မှ ၆ရက်အထိ ပြသမည်ဖြစ်ပြီး ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၈-၀၀၅၅၃၃၊ ၃၄ တို့သို့ ဆက်သွယ်နိုင်သည်။

အထက(၆)ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲ

အထက(၆) ဗိုလ်တထောင်(စိန့်ပေါလ်) ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာလအတွင်းကျင်းပနိုင်ရန် စီစဉ်ထားရာ လှူဒါန်းလိုပါက ဖုန်း-၅၄၈၄၈၂၊ ၀၉-၅၁-၅၃၆၄၀ နှင့် ၇၀၃၅၂၅ တို့သို့ ဆက်သွယ်နိုင်သည်။

ဂြိုဟ်တုဓာတ်ပုံအသုံးချနည်း သင်တန်းဖွင့်မည်

ကောင်းကင်ဂြိုဟ်တုဓာတ်ပုံများကို မြေပြင်ဓာတ်ပုံများအဖြစ် ပြောင်းလဲအသုံးချနိုင်စေရန် ကောင်းကင်ဂြိုဟ်တုဓာတ်ပုံ အသုံးချနည်းသင်တန်းကို လစဉ် တတိယပတ် စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကို အဆောင် ၁ အခန်း ၄ e-Learning Centre မြန်မာအင်ဖိုတက်ခ်တွင် ဖွင့်မည်ဖြစ်သည်။ အသေးစိတ်သိလိုပါက Credent Technology မြန်မာအင်ဖိုတက်ခ်တွင် စုံစမ်းနိုင်သည်။

ကျန်းမာရေးနှင့် အလှအပပြပွဲ ကျင်းပမည်

ဆေးဝါးများ၊ အလှကုန်ပစ္စည်းနှင့် ခန္ဓာကိုယ်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ အဆင့်မြင့်နည်းပညာကိရိယာများ၊ ပြည်တွင်းပြည်ပမှ အလှအပနှင့် ဖက်ရှင်ဆိုင်ရာ ပစ္စည်းများကို စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသမည်ဖြစ်ရာ ပြပွဲနှင့်ပတ်သက်၍ ဖုန်း-၃၉၂၅၉၃ နှင့် ၀၉-၅၀-၀၄၃၄၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

၁၀၇(အစိမ်း) ယာဉ်လိုင်းသစ်ပြေးဆွဲနေ

ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ စီမံမှုအောက်ရှိ ၁၀၇(အပြာ)ယာဉ်လိုင်းမှ ယာဉ်အချို့ကို ထုတ်နုတ်၍ ၁၀၇(အစိမ်း) ယာဉ်လိုင်းအဖြစ် ညောင်တန်း-တာမွေ-ကြည့်မြင်တိုင်-ကျုံးကြီးအထိ ခရီးစဉ်သစ် ပြေးဆွဲနေပြီဖြစ်သည်။ //

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ပို့ကုန်များတင်ပို့မှု ကန်ဒေါ်လာ ၁၇ ဘီလီယံကျော်ရရှိရန် ဘင်္ဂလားဒေ့ရှ်မျှော်မှန်း

ဒါကာ ဩဂုတ် ၂၃

ကမ္ဘာ့စီးပွားရေး ကျဆင်းနေချိန်တွင် ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပပို့ကုန်လုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလီယံရရှိရန် လုပ်ဆောင်သွားနိုင်မည်ဟု မျှော်မှန်းထားကြောင်း ဆင်ဟွာကဖော်ပြသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ သင်္ဘောဖြင့် ကုန်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅ဒသမ ၅၆ဘီလီယံ ရရှိမည်ဖြစ်ရာ ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် ကထက် ၁၃ ရာခိုင်နှုန်းကျော် မြင့်တက်လာမှာဖြစ်သည်ဟု ကုန်သွယ်မှုမြှင့်တင်ရေး ဌာနကပြောကြားသည်။ ယင်းမှာ ပြည်တွင်းရှိ ပြည်ပပို့ကုန်လုပ်ငန်းစုများ၏ တွက်ချက်မှုတစ်ရပ်သာဖြစ်ပြီး ကမ္ဘာ့စီးပွားရေး ကျဆင်းနေချိန်ဖြစ်သဖြင့် သတ်မှတ်နှုန်းထားသို့မရောက်ရှိမည်ကို စိုးရိမ်မှုများလည်းထွက်ပေါ်နေသည်ဟု အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် သည်ဖိုင်နင်ရှယ်အိတ်စ်ပရက်စ်သတင်းစာက ရေးသားဖော်ပြသည်။

အထည်ချုပ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်ပပို့ကုန်စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းမှာ အထည်ချုပ်လုပ်ငန်းမှဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

သရုပ်ပြဖျော်ဖြေ

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်တွင် ချုံကျင်းမြို့မ ကျောင်းသူလေးများ အမျိုးသားရိုးရာ ယဉ်ကျေးမှုပြပွဲ၌ သရုပ်ပြဖျော်ဖြေနေသည်ကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထိုင်း ခရီးသည်တင်လေယာဉ် လေဆိပ်အဆင်း ဘီးပေါက်ကွဲ

ဖန်ကောက် ဩဂုတ် ၂၃

လေယာဉ်အမှုထမ်းနှင့် ခရီးသည် ၂၀၀ကျော် တင်ဆောင်လာသည့် ထိုင်းလေကြောင်းလိုင်းမှ ဘိုးအင်း ၇၃၇-၄၀၀ ဂျက်လေယာဉ်တစ်စင်းသည် ဖန်ကောက်မြို့ သုဝဏ္ဏဘုမ္မိလေဆိပ်တွင် ဩဂုတ် ၂၁ရက်က ဆင်းသက်စဉ် လေယာဉ်ဘီးပေါက်ကွဲသွားသည်။ သို့သော် ထိခိုက်မှုတစ်စုံတစ်ရာမရှိဟု ဆိုသည်။

ဆိုက်ရောက်

အဆိုပါ ခရီးသည်တင် လေယာဉ်သည် ထိုင်းနိုင်ငံတောင်ပိုင်း ဆွန်စလာ ပြည်နယ်မြို့တော် ဟတ်ယိုင်မှ ခရီးစဉ်-၂၃၄ဖြင့် ဖန်ကောက်မြို့ သုဝဏ္ဏဘုမ္မိလေဆိပ်သို့ ဆိုက်ရောက်လာခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဘဂ္ဂဒက်မြို့၌ သီးခြားတိုက်ပွဲနှင့် ဗုံးဖောက်ခွဲမှုများ ဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၂၃

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် ဘဂ္ဂဒက်မြို့၌ ဩဂုတ် ၂၂ရက်က ဖြစ်ပွားသည့် သီးခြားတိုက်ပွဲတွင် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အရပ်သား ခုနစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြ

ယင်းနေ့ နံနက်စောစောပိုင်းက ဘဂ္ဂဒက်မြို့မြောက်ပိုင်း အက်ဟာမီယာဒေသရှိ လုံခြုံရေးတပ်ဖွဲ့ စစ်ဆေးရေးဂိတ်တွင် သေနတ်သမားများက ကားဖြင့်ဖြတ်သန်းမောင်းနှင်ပြီး ပစ်ခတ်ခဲ့ရာ တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ဒေသခံပြည်သူများ ဒဏ်ရာရရှိကြောင်း မျက်မြင်သက်သေ၏ ပြောကြားချက်အရ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပေါက်ကွဲ

တစ်နေ့တည်း၌ပင် ဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိသည်။

ယင်းမြို့၌ လွန်ခဲ့သည့် သုံးရက်အတွင်းက ဘဂ္ဂဒက်မြို့ရှိ အစိုးရရုံးစိုက်ရာ အပြင်ဘက်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အီရတ်ပြည်သူ ၉၇ဦး သေဆုံးပြီး ၅၈၅ဦး ဒဏ်ရာရရှိသည်။ (အင်တာနက်)



ဆက်သွယ်ရေးဂြိုဟ်တု

ရုရှားနိုင်ငံ မော်စကိုမြို့တွင်ကျင်းပသည့် နိုင်ငံတကာ လေကြောင်းပြပွဲ၌ အသစ်တီထွင်ထားသည့် ဆက်သွယ်ရေးဂြိုဟ်တု ပြသထားသည်ကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လျှပ်စစ်ကားများအတွက် လိုအပ်သောဘက်ထရီများ တရုတ်နိုင်ငံ ဟွိုင်ကျို့၌ အများအပြားထုတ်လုပ်မည်

ပေကျင်း ဩဂုတ် ၂၃

တရုတ်နိုင်ငံ ကွမ်ဒေါင်းပြည်နယ်တောင်ပိုင်း ဟွိုင်ကျို့မြို့၌ တရုတ်ဘက်ထရီနှင့် လျှပ်စစ်မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဘီဝိုင်ဒီကုမ္ပဏီက ယင်းကုမ္ပဏီမှ ထုတ်လုပ်လိုက်သော လျှပ်စစ်မော်တော်ကားများအတွက် လစ်သီယံဘက်ထရီများ အမြောက်အမြား ထုတ်လုပ်သွားရန် စက်ရုံတစ်ရုံ ထူထောင်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါစက်ရုံကို အမေရိကန်သန်းကြွယ်သူဌေးကြီး ဝါရင်ဘွတ်ဖက်က တစ်စိတ်တစ်ဒေသ ပိုင်ဆိုင်သည်။ ယင်းစက်ရုံဖွင့်လှစ်နိုင်ရေး ယွမ် ၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၃၁ ဒသမ ၅ သန်း)ကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းစက်ရုံမှ လျှပ်စစ်မော်တော်ကားများအတွက် ပြန်လည်အားသွင်းအသုံးပြုနိုင်သော ဘက်ထရီအိုးများ၊ မော်တော်ကား အစိတ်အပိုင်းများ ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းဘက်ထရီအိုး ထုတ်လုပ်ရေးစက်ရုံကြီးကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလက စတင်တည်ဆောက်ခဲ့ကြောင်း၊ ယခုအခါ ဘက်ထရီများ ထုတ်လုပ်သွားရန် အသင့် ဖြစ်နေပြီဖြစ်ကြောင်း၊ ၄င်းကုမ္ပဏီက အမေရိကန်နိုင်ငံရှိ လျှပ်စစ်မော်တော်ကားများ အားလုံးအတွက် သုံးမည့် ဘက်ထရီများကို ရောင်းချသွားမည် ဖြစ်ကြောင်း သည်ဝေါစထရိဂျာနယ်တွင် ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ယီမင်၌ တိုက်ပွဲဖြစ်ပွား ပြည်သူတစ်သိန်း အိုးအိမ်စွန့်ခွာခဲ့ကြရ

ဆာနာ ဩဂုတ် ၂၃

ယီမင်နိုင်ငံတွင် အစိုးရတပ်ဖွဲ့နှင့် သူပုန်များတိုက်ပွဲဖြစ်ပွားရာ ပြည်သူတစ်သိန်းကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးသွားကြရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ပြောကြားသည်။ အိုးအိမ်စွန့်ခွာထွက်ပြေးသူများတွင် ကလေးငယ်များ အများအပြားပါဝင်ကြောင်း ကြေညာသည်။

သတိပေး

ဆာအာဒါပြည်နယ်တွင် အစိုးရတပ်ဖွဲ့က သူပုန်တပ်ဖွဲ့ဝင် ၁၀၀ကို သုတ်သင်ချေမှုန်းကာ အခြားသူပုန် ၃၀၀ကို ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်းက ဖမ်းဆီးခဲ့ပြီးနောက် ယခုကဲ့သို့ ယူနီဆက်ဖ်က ကြေညာခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

စီအိုင်အေညှဉ်းပန်းမှု အစီရင်ခံစာထုတ်ပြန်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၃

စီအိုင်အေက ဖမ်းဆီးထားသူများအား အမှုမှန်ဖော်ထုတ်ရန် သေနတ်နှင့် လျှပ်စစ်လွန်ပူကဲ့သို့သော လက်နက်များ အသုံးပြုသည့် ညှဉ်းပန်း နှိပ်စက်မှု အစီရင်ခံစာ တစ်စောင်ကို ဩဂုတ် ၂၂ရက်တွင် ထုတ်ပြန်လိုက်သည်။

စီအိုင်အေ ညှဉ်းပန်းနှိပ်စက်မှု အစီရင်ခံစာ အသေးစိတ်ကို ဩဂုတ် ၂၄ရက်တွင် ထုတ်ပြန်ရန်မျှော်လင့်ထားကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်၌ ကားဗုံးပေါက်ကွဲ၊ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

အစ္စလမ္မာဘတ် ဩဂုတ် ၂၃

ပါကစ္စတန်နိုင်ငံ ဖောင့်တီးယားပြည်နယ် ပက်ရှ်ဝါမြို့အနီး၌ ဩဂုတ် ၂၂ရက်က ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဂျီယိုပုဂ္ဂလိကရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။

ကားအတွင်းရှိ အမျိုးသားမှာ ဗုံးပေါက်ကွဲခဲ့သည့်နေရာ၌ပင်သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ အားလုံးမှာ အနီးအနားမှ ဖြတ်သန်းသွားသူများဖြစ်သည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။ ငါးကီလိုရှိ ဖောက်ခွဲရေးပစ္စည်းများကို ကားအတွင်း တပ်ဆင်ကာ ဖောက်ခွဲခဲ့ခြင်း ဖြစ်သည်ဟု ဗုံးရှင်းလင်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပျက်စီး

ကားဗုံးပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိဆိုင်ခန်းများနှင့် လူနေအိမ်များ ပါ ပျက်စီးခဲ့ပြီး ရဲတပ်ဖွဲ့က အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

(အင်တာနက်)

ပက်ရှ်ဝါမြို့၌ ကားဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂရိနိုင်ငံ အေသင်မြို့အရှေ့မြောက်ပိုင်း ၄၈ကီလိုအကွာရှိ ဂရမ်မာတီကို ဒေသ၌ တောမီးလောင်၍ ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နေသည်ကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကျောက်ပန်းတောင်းမြို့နယ်မှ ဒေသခံပြည်သူများနှင့် ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဩဂုတ်၂၂ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် လက်ပံပျားကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လက်ပံပျား၊ တောင်ပေါ်ဗလုံ၊ ကြက်ဆူတော၊ ကြို့ပင်သာ၊ တည်ပင်တဲ၊ ကျောက်ပုံ၊ သက္ကယ်ကျင်း၊ ခေါင်းရဲနှင့် ဝက်သားချဉ်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၁၈ ရွာတို့မှ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်း**(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး လက်ပံပျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲပြုပြင်ရန် ဘိလပ်မြေအိတ် ၁၀၀နှင့် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးဇော်မြင့်ထံ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၉ခုနှစ် ဩဂုတ်၂၄ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ယူကရိန်းနိုင်ငံ ခေတ္တနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗိုလိုဒီမြာ ခန်ဒိုဂျီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ ပဥ္စမအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ်၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဥ့်ငူရပ်ကွက်၌ ကျင်းပမည်ဖြစ်ရာ လေးမျက်နှာမြို့နယ်အသင်း၊ အသင်းဝင် အသင်းသူ အသင်းသားများ၊ ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးခင်ချို ဖုန်း-၆၆၃၉၁၁၊ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ ဦးနေဝင်း ဖုန်း-၃၈၀၉၆၇၊ ဦးသိန်း ဖုန်း- ၆၈၉၆၁၂၊ ဦးကြီးမြင့် ဖုန်း-၆၅၁၆၉၃၊ ဦးအောင်သူ ဖုန်း-၆၁၃၆၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မိမိတို့လှူဒါန်းလိုသော အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အခမ်းအနားကျင်းပသည့်ရက်တွင် တစ်ပါတည်းယူဆောင် လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ မီးလောင်မှုဖြစ်ပွားခဲ့

ရန်ကုန် ဩဂုတ် ၂၃

ဩဂုတ်၂၂ရက် ည၇နာရီ ၅မိနစ်ခန့်တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ မြန်မာပိုင်နှင့် အရက်ချက်စက်ရုံ၌ ပေါင်းခံအိုးပေါက်ကွဲသဖြင့် မီးစတင်လောင်ကျွမ်းကာ ဩဂုတ် ၂၃ရက် နံနက် ၀၀နာရီ ၁၅မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၃နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သုံးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၀၀ ကျော်နှင့်အတူ မီးသတ်ယာဉ် ၄၇စီး၊ ကွပ်ကဲမှုယာဉ်၁၀စီး သွားရောက်မီးငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးတားဆီးကာကွယ်

ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အထက(၁) မိုးဦးပန်းခန်းမဆောင်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်ဇော်ထွန်း ဟောပြောဆွေးနွေးစဉ်။

(မြို့နယ်ရဲတပ်ဖွဲ့)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

အာကာသဒုံးပျံလွှတ်တင်မှု တောင်ကိုရီးယား ထပ်မံရွှေ့ဆိုင်း

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး အာကာသဒုံးပျံလွှတ်တင်မှုကို ဩဂုတ်၂၆ရက်သို့ ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း၊ အာကာသဒုံးပျံယာဉ်လွှတ်တင်ရာ၌ ပိုမိုစိတ်ချနိုင်ရန် စစ်ဆေးမှုပြုလုပ်ရေးအတွက်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ဩဂုတ် ၂၃ရက်၌ သတင်းထုတ်ပြန်သည်။



အာတိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့သောလေယာဉ် နော်ဝေစူးစမ်းလေ့လာရေးအဖွဲ့ရှာဖွေ

အာတိတ်သမုဒ္ဒရာအတွင်းပျက်ကျခဲ့သော လေယာဉ်တစ်စင်းကို နော်ဝေ ရှာဖွေရေးအဖွဲ့တစ်ဖွဲ့က ရှာဖွေလျက်ရှိကြောင်း ဩဂုတ် ၂၃ရက်က သတင်းဖော်ပြသည်။

ယင်းလေယာဉ်သည် ၁၉၂၈ခုနှစ်က အာတိတ်သမုဒ္ဒရာအတွင်း ပင်လယ်ပြင်စူးစမ်းမှုများပြုလုပ်စဉ်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။ ၎င်းလေယာဉ်သည် တောင်ဝင်ရိုးစွန်းသို့ ပထမဆုံးရောက်ခဲ့သော လေယာဉ်ဖြစ်သည်။ ***(အပေါ်ပုံ)***

အီတလီနိုင်ငံ မီလန်မြို့၌ ကမ္ဘာ့စာကြည့်တိုက်ဖိုရမ်ကျင်းပ

အီတလီနိုင်ငံ မီလန်မြို့တွင် ကမ္ဘာ့စာကြည့်တိုက်နှင့် သတင်းနှင့်ပြန်ကြားရေး ဖိုရမ်ကို ဩဂုတ်၂၃ရက်မှ စတင်ကာ ငါးရက်ကြာကျင်းပလျက်ရှိကြောင်း၊ နိုင်ငံတကာမှ ကျွမ်းကျင်သူ ၄၀၀ခန့်တက်ရောက်လျက်ရှိကြောင်း မီလန်မြို့မှ ပြန်ကြားရေးအရာရှိများက ပြောကြားသည်။

ဆိုမာလီလက်နက်ကိုင်များက အီဂျစ်သင်္ဘောသားများအားပြန်လွှတ်ပေး

ဆိုမာလီလက်နက်ကိုင်များက ငါးလကြာမျှ ဖမ်းဆီးထားသော အီဂျစ်ငါးဖမ်းသင်္ဘောနှစ်စင်းမှ သင်္ဘောသား၃၄ဦးအား ဩဂုတ်၂၃ရက်၌ ပြန်လည်လွှတ်ပေးလိုက်ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားကျွန်းကမ်းလွန်၌ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားကျွန်းကမ်းလွန်တွင် ဩဂုတ်၂၃ရက်က ရစ်ချ်တာစကေး ၅ဒသမ၈ရှိ ငလျင်လှုပ်ခဲ့ရာ နေအိမ်များယိမ်းထိုးလှုပ်ခါသွားခဲ့ကြောင်း အင်ဒိုနီးရှားမိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

မလက္ကာရေလက်ကြား၌ သင်္ဘောတိုက်မှု ပျောက်ဆုံး သင်္ဘောသားအလောင်းများတွေ့ရှိ

မလေးရှားကမ်းလွန် မလက္ကာရေလက်ကြားတွင် ဩဂုတ်၁၈ရက်က သင်္ဘောနှစ်စင်းတိုက်မိခဲ့ရာ၌ ပျောက်ဆုံးခဲ့သော ရေနံတင်သင်္ဘောမှ တရုတ်သင်္ဘောသား ခုနစ်ဦး၏အလောင်းများကို ရေပြင်တွင် ဩဂုတ်၂၃ရက်၌ ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း မလေးရှားရေတပ်အရာရှိများက ပြောကြားသည်။

ပြင်သစ်တောင်ပိုင်း၌ လေယာဉ်ပျက်ကျ

ပြင်သစ်နိုင်ငံတောင်ပိုင်း ကယ်လက်စ်မြို့အနီးတွင် ဩဂုတ်၂၃ရက်က ကမ္ဘာလှည့်ခရီးသည် လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ကမ္ဘာလှည့်ခရီးသည်ငါးဦး သေဆုံးခဲ့ကြောင်း ပြင်သစ်အရာရှိများက ပြောကြားသည်။

(အောက်ပုံ)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား၍ နှစ်ဦးသေဆုံး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း နောရှာရာအရပ်၌ ဩဂုတ်၁၃ရက်က လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ပစ်ခတ်မှုကြောင့် စစ်ဘက်အရာရှိနှစ်ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘေလ်ဟာရီကိန်းမုန်တိုင်း ကနေဒါသို့ ဦးတည်တိုက်ခတ်

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သော ဘေလ်အမည်ရှိ ဟာရီကိန်းမုန်တိုင်းသည် အားပျော့သွားပြီ ဖြစ်သော်လည်း ဩဂုတ် ၂၃ရက်က ကနေဒါသို့ အန္တရာယ်ရှိမုန်တိုင်း အဆင့်ဖြင့် ဆက်လက်ရွေ့လျား တိုက်ခတ်လျက်ရှိသည်။ *(အင်တာနက်)*

နိုင်ငံခြားရေး ဒုတိယဝန်ကြီးဦးမောင်မြင့် မလေးရှားမှ ပြန်လည်ရောက်ရှိ

နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့

ရန်ကုန် ဩဂုတ် ၂၃

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၇ရက်မှ ၂၀ရက်အထိ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးသွားရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ် ၁၈ရက် နံနက်ပိုင်းက မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Y.B Senator A Kohilan Pillay အား ပူထရာဂျာယာမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ အလုပ်သမားကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲ ၂ နာရီခွဲတွင် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Datuk Wira Ku Seman Yusop အား ပြည်ထဲရေးဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံကာ မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများအား အကူအညီပေးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဆွေးနွေးညှိနှိုင်း

ယင်းနောက် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သည့် မလေးရှားကျွမ်းကျင်မှု ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာကျွမ်းကျင်မှု ကိုယ်စားလှယ်အဖွဲ့တို့သည် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၌တွေ့ဆုံ၍ အလုပ်သမားရေးရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးသို့သွားရောက်ကာ မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးကော်မတီ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြပြီး ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ သံအမတ်ကြီး၏နေအိမ်၌ သံအမတ်ကြီး ဦးတင်လတ်၊ စစ်သံမှူး ဗိုလ်မှူးကြီးအောင်သော်(ရေ)နှင့် သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အမှာစကားပြောကြားသည်။

အားပေးစကား

ဒုတိယဝန်ကြီးသည် ဩဂုတ် ၁၉ရက်တွင် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်နှင့် စစ်သံမှူး ဗိုလ်မှူးကြီးအောင်သော်(ရေ)တို့ လိုက်ပါလျက် ပီနန်မြို့ရှိ မြန်မာအလုပ်သမားများ အလုပ်လုပ်ကိုင်လျက်ရှိသည့် DUFU Industries SDN BHD နှင့် Bagan Printers SDN BHD ကုမ္ပဏီများသို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ပြီး မြန်မာအလုပ်သမားများအား တွေ့ဆုံကာ အားပေးစကား ပြောကြားခဲ့သည်။

ပြန်လည်ရောက်ရှိ

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၀ရက်တွင် မလေးရှားနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်များရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့်ပြည့်စုံရေး မြောက်ဥက္ကလာ ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁၇ရက်က ကျောက်ရေတွင်းရပ်ကွက် ဝိဓူရဆန္ဒစာကြည့်တိုက်၌ ဆောင်ရွက်သည်။

ဟောပြော

ရှေးဦးစွာ ကျောက်ရေတွင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံရေး၊ စာငှားကတ်စနစ်ကျင့်သုံး၍ ရန်ပုံငွေထူထောင်ရေး၊ စာကြည့်တိုက်ကို ဒုတိယဘုန်းတော်ကြီးကျောင်းအဖြစ် သဘောထား၍ အလှူရှင်များရှာဖွေဖော်ထုတ် ဆောင်ရွက်ရေးတို့ကို ဟောပြောဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက စာကြည့်တိုက်ရှိ စာအုပ်စာစောင်များ စုဆောင်းထားရှိမှု၊ စာကြည့်တိုက် မြေနေရာနှင့် အဆောက်အအုံကိုယ်ပိုင်ရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းဆွေးနွေးပြီး **(အပေါ်ပုံ)** စာကြည့်တိုက်မှူး ဦးစန်းယုရီက စာကြည့်တိုက်ရှိ စာအုပ်စာစောင်များ မှတ်တမ်းတင်ထားရှိမှုအခြေအနေနှင့် စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ခရီးသည်များ သွားလာမှုအဆင်ပြေစေရေး

သုံးဘီးဆိုင်ကယ် ပြေးဆွဲ

ကောလင်း ဩဂုတ် ၂၃

ကောလင်းမြို့ ရွှေပြည်သစ် သုံးဘီးဆိုင်ကယ်အသင်းဥက္ကဋ္ဌ ဦးကျော်တင့်၊ အတွင်းရေးမှူး ဦးထွန်းဖုံနှင့်အဖွဲ့ မြို့ပြနှင့်ကျေးလက်ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေး၊ ခရီးသည်များ အချိန်နှင့်တစ်ပြေးညီ သက်သောင့်သက်သာ သွားလာနိုင်ရေးအတွက် ကောလင်း-လွယ်မောက်တောင် လိုင်းကားကို နေ့စဉ် တစ်နေ့လေးကြိမ် သုံးဘီးဆိုင်ကယ် ၁၅စီးဖြင့် ပြေးဆွဲလျက်ရှိသည်။

ခရီးသည်များအား တစ်ဦး ကျပ်၃၀၀ နှုန်းဖြင့်ပို့ဆောင်နေပြီး မကြာမီ ကောလင်း-တောင်မော်လမ်းကို ခရီးသည် တစ်ဦးလျှင် ကျပ်၅၀၀နှုန်းဖြင့် ပြေးဆွဲရန် စီစဉ်နေသည်။

ယခုအခါ ကျေးလက်ဒေသမှ ခရီးသည်များ ကောလင်းမြို့ပေါ်သို့ သွားလာမှု အဆင်ပြေချောမောနေ၍ ဝမ်းသာနေကြကြောင်း သိရသည်။

(၀၃၂)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် မကွေးတိုင်းအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းဆောင်ရွက်မှုများကို ဇူလိုင် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးရာ တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
(၂၅-၈-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (နှလုံးသားကိုအလှဆင်ပါ)
၈း၄၀	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	**(၁၇)ကြိမ်မြောက် ဆို၊က၊ရေး၊တီး အဆိုပြိုင်ပွဲဝင်များ လေ့လာရန်(ကာလပေါ်၊ ခေတ်ဟောင်း၊ ခေတ်အကြိုက်တေးများ)**မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ခနုဟင်းထုပ်)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on Line (ဝိုင်းစုခိုင်သိန်း)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တူယှဉ်သီကြွေးစုံတွဲတေး
၁၂း၄၀	ရွှင်လန်းစေချင်သောတရှင်
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ်(ပဉ္စမတန်း) (ဘ၀တွက်တာကျွမ်းကျင်စရာ-အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်)
၁၃း၂၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မေတို့တွက်တာအလှကမ္ဘာ (အသားအရေကို ဘယ်လိုထိန်းသိမ်းမလဲ)
၁၇း၁၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ (အမှတ်စဉ်-၂)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ (၁) သုံးပုံစကားသိမှတ်ဖွယ်ရာ ပဒေသာ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ) (၂) ထိပ်ဆုံးက(၁၀) (ဆရာဦးသိန်းလွင်)
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	ဇာတ်လမ်းပမာနားဆင်စရာ (ဘယ်လိုလုပ်ရပ့်) **နိုင်ငံရေးဦးတည်ချက်**
၁၉း၃၀	သူ့ခေတ်သူ့ခါ တေးကမ္ဘာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	တေးစီးရီး(လမ်းဆုံ) **စီးပွားရေးဦးတည်ချက်** တေးပဒေသာ
၂၁း၀၀	ခံစားနားဆင် တေးဂန္ထဝင် **လူမှုရေးဦးတည်ချက်**
၂၁း၂၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား

သတ္တမအကြိမ် သိုင်းပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ	- သိန်းဝင်းလေး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	- ခင်သန္တာသိန်း (မြန်မာ့အလင်း)

၂၀၀၉ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲများကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံ လေလုံအားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသားလက်သိုင်းပြိုင်ပွဲတွင် ဇင်ဖြိုးအောင် (ကချင်ရိုးရာ)က မောင်မောင်သန်း(ကကန-က)ကိုလည်းကောင်း၊ ဝင်းဌေးအောင် (စီပွား/ကူးသန်း-က)က ခိုင်သူရသိန်းကမ္ဘာကိုလည်းကောင်း၊ ဇော်လတ် (ပြည်ထဲရေး)က သူရစိုး(ဟံသာဝတီနန်းတွင်း)ကိုလည်းကောင်း၊ ဇေယျာ(ကကန-ခ)က နေလင်းဦး (စက်မှု၁-က)ကိုလည်းကောင်း၊ စိုင်းစိုးစိုး(ကကန-က)က နေကျော်(မင်းသီဟ)ကိုလည်းကောင်း၊ အောင်ကိုဝင်း(ပြည်ထဲရေး)က ရန်နိုင်စိုး(ပဲခူး)ကိုလည်းကောင်း၊ ကျော်စွာဝင်း(ကကန-ခ)က ဟိန်းမင်းထွန်း(ကချင်ရိုးရာ)ကိုလည်းကောင်း၊ ကျော်နိုင်ထွန်း (စီးပွား/ကူးသန်း-က)က တင်ထွန်းဝင်း(ကကန-ခ)ကိုလည်းကောင်း၊ ဟိန်းထက် (စီးပွား/ကူးသန်း-ခ)က ဇော်ငြိမ်း(ပြည်ထဲရေး)ကိုလည်းကောင်း အနိုင်ရရှိကြသည်။

အမျိုးသမီး

အမျိုးသမီးလက်သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲများတွင် အားနင်(ကကန-က)က သီတာ(မင်းသီဟ)ကိုလည်းကောင်း၊ နွယ်နီကျော်(စီးပွား/ကူးသန်း)က ဇင်မီဝင်းမောင် (ပဲခူး) ကိုလည်းကောင်း၊ ဝေဝေလွင် (စက်မှု-၁က)က မပုံ (ကချင်)ကိုလည်းကောင်း၊ သက်နီလွင်(ကချင်)က လပြည့်အောင် (ကကန-က)ကိုလည်းကောင်း အနိုင်ရကြသည်။

အမျိုးသား

အမျိုးသား လက်သိုင်းဗိုလ်လုပွဲတွင် ဝင်းဌေးအောင် (စီးပွား/ကူးသန်း)က ဇင်ဖြိုးအောင် (ကချင်ရိုးရာ)ကိုလည်းကောင်း၊ လွမ်းအောင် (ကကန-ခ)က ဇော်လတ် (ပြည်ထဲရေး)ကိုလည်းကောင်း အနိုင်ရကြသည်။

ဓားတစ်လက်

အမျိုးသမီးဓားတစ်လက်ပြိုင်ပွဲများတွင် မီမီလင်း(စီးပွား/ကူးသန်း-က)က ညိုညိုစန်း (စက်မှု ၁-က)ကိုလည်းကောင်း၊ ခင်သန္တာကျော် (သိုင်းကျောင်း)က ရတနာလှိုင် (စီးပွားကူးသန်း-က)ကို လည်းကောင်း၊ သန်းသန်းအေး (စက်မှု ၁-က)က နွေဦးခင် (သိန်းကမ္ဘာ)ကိုလည်းကောင်း၊ နေဇာဝင်း (သိန်းကမ္ဘာ)က တင်တင်ဝင်း (ပြည်ထဲရေး)ကိုလည်းကောင်း၊ မျိုးမျိုးသန့် (စီးပွား/ကူးသန်း-ခ)က စန်းစန်းတင့် (စက်မှု ၁-က)ကိုလည်းကောင်း၊ လှသန်းမိုး (ပြည်ထဲရေး)က ခင်သန်းဌေး (စက်မှု ၁-က)ကိုလည်းကောင်း၊ အမျိုးသားဓားတစ်လက်ဗိုလ်လုပွဲများတွင် သန်းထိုက် (သိန်းကမ္ဘာ)က ကြည်ခိုင် (စီးပွား/ကူးသန်း-က)ကိုလည်းကောင်း၊ မြကန်သာ (ကကန-ခ)က ထွန်းထွန်းဦး (ပြည်ထဲရေး)ကိုလည်းကောင်း အနိုင်ရသွားကြသည်။ ။ **(မြန်မာ့အလင်း)**

အမျိုးသားဓားတစ်လက်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်နှစ်ဦး ယှဉ်ပြိုင်ကြစဉ်။
(မြန်မာ့အလင်း)

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များရှင်သန်ရေး၊ စာငှားစနစ်ကျင့်သုံးရေး၊ စာဖတ်ပရိသတ် စာဖတ် အလေ့အကျင့်ရရှိရေး ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၄ရက်က အမှတ်(၁)ရပ်ကွက် လူငယ်များ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မကြီး ရှင်းလင်း ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

ဒေသထွက်ကုန်အမယ်စုံ စည်ပင်ဖွံ့ဖြိုး မြို့ပဲခူး

ပဲခူးမြို့ကျက်သရေဆောင် နာရီစင်ကြီးကို မြို့လယ်လမ်းဆုံတွင် ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်-သတင်းထောက် စဉ့်ကူစိုးဝင်း၊ ဓာတ်ပုံမှတ်တမ်း-သတင်းထောက် ရန်နိုင်ဝင်း(လှိုင်)နှင့် ပဲခူးစည်ပင်၊ စာမျက်နှာဖွဲ့စည်းမှု-တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၃

ပဲခူးတိုင်း၏ မြို့တော် ပဲခူး။ မြန်မာ့အလင်းသတင်းအဖွဲ့ ပဲခူးမြို့သို့ ရောက်ရှိခဲ့ပြီး ပဲခူးမြို့ဝင်ကတည်းက သေသပ်လှပသည့် လမ်းဘေး ပလက်ဖောင်းများ၊ ပဲခူးမြို့တော်ခန်းမ၊ နာရီစင်တို့က ဆီးကြိုနေသည်။

မော်တော်ကားပေါ်မှ ဆင်းလိုက်သည်နှင့် မြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင်အား သွားရောက်တွေ့ဆုံခဲ့သည်။ အမှုဆောင်အရာရှိက အစည်းအဝေးခန်းမတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေး၊ လက်ထောက်အင်ဂျင်နီယာ ဦးလေးလွင်နှင့် ဌာနအလိုက်တာဝန်ခံများနှင့်အတူ မြန်မာ့အလင်းသတင်းအဖွဲ့ သိလိုသမျှ ရှင်းပြသည်။

ဇီဝဓာတ်မြေဩဇာ

“ပဲခူးတိုင်း ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန လက်အောက်မှာရှိပြီး ပဲခူးမြို့ကို တိုင်းကျက်သရေဆောင်မြို့အဖြစ် အဘက်ဘက်ကတိုးတက်အောင် ကြိုးပမ်းထားပါတယ်။ စွန့်ပစ်အမှိုက်တွေ သန့်စင်ပြီး ဇီဝဓာတ်မြေဩဇာ ထုတ်လုပ်အောင်မြင်နေပါတယ်” ဟု အမှုဆောင်အရာရှိ ဦးထွန်းမြိုင်က ဇီဝဓာတ်မြေဩဇာ ထုတ်လုပ်ပုံ လက်ကမ်းကြော်ငြာနှင့် ဓာတ်ပုံများပြသ၍ ရှင်းပြသည်။

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကောက်ခံရန်လျာထားငွေမှာ ကျပ် ၇၃၈၄ သိန်းဖြစ်ပြီး ကောက်ခံရရှိငွေ စုစုပေါင်းမှာ ကျပ် ၇၅၅၉ ဒသမ ၃၁သိန်းဖြစ်သဖြင့် မူလ လျာထားငွေအပေါ် ၁၀၂ ဒသမ ၄ ရာခိုင်နှုန်း ကောက်ခံနိုင်၍ လျာထားချက်အပေါ် ပိုမိုကောက်ခံနိုင်ကြောင်း တွေ့ရသည်။

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် မြို့မဈေး ငါးဈေး၊ ကျေးလက်ဈေး ငါးဈေး၊ စုစုပေါင်း ဈေး ၁၀ ဈေးရှိရာ မြို့မဈေး ငါးဈေးအနက် ပဲခူးမြို့မဈေးကြီးသည် ပဲခူးမြို့ ဗဟိုဈေးကြီးဖြစ်သည်နှင့်အညီ ရွှေ၊ အဝတ်အထည်၊ အလှကုန်နှင့် လူသုံးကုန်မျိုးစုံ၊ လယ်ယာသုံးပစ္စည်းများ ရောင်းချလျက်ရှိပြီး အခြားဈေးများတွင်လည်း ရွှေ၊ အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်မျိုးစုံနှင့် သားငါးများ ရောင်းချလျက်ရှိသည်။

ဈေး ၁၀ ဈေး ရှိသည့်အနက် ကုန်းသာယာသနပ်ဖက်ဈေးမှာ သီးခြားသနပ်ဖက်တစ်မျိုးတည်းသာ ရောင်းချပြီး ထူးခြားသည့်ဈေး ဖြစ်သည်။

ဒေသထွက်ကုန်

ဒေသထွက်ကုန်အနေဖြင့် ကျောက်တန်း၊ ထုံးကြီးကျေးရွာတို့မှ နာနတ်ယို၊ ပဲခူးမြို့မှ ငါးဖယ်ချဉ်၊ ပျဉ်ပုံကြီးရွာမှ ငါးရံ့ခြောက်၊ ဘုရားကြီးဈေးမှ စိမ်းစားဥ၊ ဖရဲသီး၊ မုန်တိုင်းကျေးရွာမှ ပန်းဂေါ်ဖီ၊ ကန်စွန်းရွက်နှင့် အခြားဟင်းသီးဟင်းရွက်များထွက်ရှိ၍ ရောင်းချသည်။ ပဲခူးမြို့ပြင် မန္တလေးသွား လမ်းပေါ်ရှိ ကလိကျေးရွာတွင် ငါးပိရောင်းဝယ်ရေးလုပ်ငန်း များစွာရှိသည်။

ကုန်စိမ်း

ပဲခူးမြို့ ပတ်ဝန်းကျင်ဒေသမှ ငါးမြစ်ချင်း၊ ငါးမြွေထိုး၊ ငါးပတ်၊ ငါးပြေမ၊ ငါးစင်ရိုင်း၊ ငါးခုံးမစသည့် ငါးမျိုးစုံထွက်ရှိရာ မိုးရာသီတွင် တစ်နေ့ တန်ချိန်ပိဿာ ၂၅၀မျှ ထွက်ရှိသည်။ ကုန်စိမ်း သားငါးဈေးတွင် အမဲ၊ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲ၊ ငါးခြောက်၊ သားငါးမျိုးစုံကို ရောင်းချပြီး ငှက်ပျောသီးပွဲရုံ၊ အုန်းသီးပွဲရုံများလည်း သီးခြားရှိသော ဈေးဖြစ်သည်။ ဘုရားကြီးဈေးတွင် ၄၅၇ဆိုင်၊ ပျဉ်ပုံကြီးဈေးတွင် ၇၃ဆိုင်၊ အင်းတကော်ဈေးတွင် ၃၂ဆိုင်၊ ထုံးကြီးဈေးတွင် ၃၆ဆိုင်၊ ကျောက်တန်းဈေးတွင် ၁၂၄ဆိုင်၊ ဆိုင်ခန်းပေါင်း ၇၂၂ ဆိုင်ရှိသည်။

သာယာလှပရေး

ပဲခူးမြို့ သန့်ရှင်းသာယာလှပရေး အတွက် မွမ်းမံပြင်ဆင်ရမည့် (၁၆)ချက်

ကျက်သရေ

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပဲခူးမြို့ကို တိုင်းကျက်သရေဆောင်မြို့အဖြစ် ဖော်ဆောင်လျက်ရှိရာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ ယနေ့အထိ ကတ္တရာလမ်း ၈၇လမ်း၊ ကျောက်ချောလမ်း နှစ်လမ်း၊ ဂဝံလမ်း ၉၂လမ်းနှင့် မြေလမ်း ၂၉၃လမ်းကို အရှည်မိုင် ၈၈ဒသမ ၅၇ ဖာလုံအထိ ဒေသခံပြည်သူတို့ လူနေမှုဘဝ တိုးတက်စေရန် အမာခံလမ်းများအဖြစ် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဘုရားလမ်းဘေး၊ သနပ်ပင်လမ်း၊ ရှင်စောပုလမ်း၊ ရန်ကုန်-မန္တလေးလမ်း (တပ်မ ၇၇မှ ကျောက်တွင်းကုန်းအထိ)၊ မီးရထားကုန်း၊ ကျွန်းသာယာ ယာဉ်ရပ်နားစခန်းရှေ့ လမ်းဘေးဝဲယာတွင် အရှည် ၄၂၈၀၀ရှိ လမ်းဘေး ပလက်ဖောင်းများကို သေသပ်လှပစွာ ဆောက်လုပ်ထားသည်။

ပဲခူးမြို့ပေါ်ဈေးရှိ ဆိုင်ခန်းပေါင်း ၂၂၀မှ စည်ပင်သာယာရေးဘဏ်လီမိတက်တွင် ဆိုင်ခန်းများ အာမခံထားရှိကာ ချေးငွေကျပ် ၃၆၄၂ သိန်း ချေးယူကြပြီး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ကြရာ အဆင်ပြေလျက်ရှိသကဲ့သို့ စည်ပင်သာယာရေးအဖွဲ့ကလည်း ဈေးများအားလုံး သန့်ရှင်းသာယာလှပစေရေးနှင့် သားငါးရောင်းချသည့် နေရာများတွင် ယင်များ၊ အနံ့အသက်ဆိုးများ မရှိစေရေး နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်

ကျေးလက် ရေရရှိရေးအတွက် ကျေးရွာ ၃၅ရွာတွင် နှစ်လက်မတွင်းတိမ် တူးဖော်ခြင်း၊ လက်နှိပ် တုံကင်များ တပ်ဆင်ခြင်း၊ အုတ်ဖိုကင်းချောင်းနှင့် ကွေ့တန်းရှည်ကျေးရွာများတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်း၊ အင်ဂျင်လေမှုတ်စက်တပ်ဆင်ခြင်း၊ ရေလှောင်ကန် တည်ဆောက်ခြင်း၊ ဘောနက်ကြီးရွာတွင်လည်း လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းနှင့် ရေပေးဝေရေးအတွက်

ပဲခူးမြို့နယ် ပဲခူး-တောင်သူစု ကျေးလက်ဂဝံလမ်းခင်း ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့်အဖွဲ့ ကွင်းဆင်း ကြည့်ရှုကြစဉ်။ (မြန်မာ့အလင်း)

ပဲခူးမြို့နယ် စည်ပင်သာယာအမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ရှိသူများ ဘုရင့်နောင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းရန် ကြည့်ရှုစဉ်။ (မြန်မာ့အလင်း)

အပေါ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်း ၂၄ လမ်း ကတ္တရာလမ်းခင်းခြင်းနှင့် ဂဝံလမ်း တစ်လမ်း ဆောင်ရွက်ရန် လျာထားရာ ယခုအခါ ကတ္တရာခင်းခြင်း ၁၂လမ်းနှင့် ဂဝံလမ်း တစ်လမ်းတို့ ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ကျေးလက်လမ်းများအနေဖြင့် ဂဝံလမ်း ခုနစ်လမ်းနှင့် ကွန်ကရစ်လမ်း တစ်လမ်း ဆောင်ရွက်ရန်လျာထားရာ ယခုအခါ ဂဝံလမ်း သုံးလမ်းနှင့် ကွန်ကရစ် တစ်လမ်းပြီးကာ မြို့ပြတံတား တစ်စင်းပြီးစီး၍ ကျေးလက်တံတား နှစ်စင်းအတွက် ပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့ခဲ့ရသည်။

လိုအပ်သည့် အဆောက်အအုံများ ဆောင်ရွက်ရန်စီစဉ်နေသဖြင့် မကြာမီ ကျေးလက်နေပြည်သူတို့ သန့်ရှင်းသည့် အဝီစိရေကို ပိုမိုရရှိတော့မည် ဖြစ်သည်။

ရေပေးဝေရေး

ကျေးလက်ရေပေးဝေရေးတွင် ကျေးရွာပေါင်း ၂၀၂ ရွာကို လေးလက်မ တွင်းနက် ၁၂တွင်း၊ နှစ်လက်မ တွင်းနက် ၂၃ တွင်း၊ နှစ်လက်မ တွင်းတိမ် ၁၄၀၊ တစ်လက်မခွဲ တွင်းတိမ် ၂၁ တွင်းတို့ကို တူးဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးစုံလင် ပဲခူးစည်ပင်၏ ကြိုးပမ်းမှုမှာ ဂုဏ်ယူမှတ်တမ်းတင်ရမည် ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၃-၈-၂၀၀၉

နေပြည်တော်	၀ ဒသမ ၃၉ လက်မ
ကော့သောင်း	၆ ဒသမ ၈၅ လက်မ
မောင်တော	၅ ဒသမ ၈၂ လက်မ
ကလေးဝ	၄ ဒသမ ၁၈ လက်မ
မော်လိုက်	၂ ဒသမ ၇၁ လက်မ
ဟုမ္မလင်း	၂ ဒသမ ၄၄ လက်မ
နမ့်စန်	၂ ဒသမ ၂၈ လက်မ
ကန့်ဘလူ	၁ ဒသမ ၂၆ လက်မ

မြန်မာ့ရုပ်မြင်သံကြား

၂၄-၈-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညီမင်း (တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၇။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (မဟာဂီတ) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား၊ အမျိုးသမီး)
၈း၄၀ ၈။ International News
၈း၄၅ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ အကပဒေသာ
၄း၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၂၀ ၉။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၅း၃၅ ၁၀။ စုပါတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **တစ်ရေးနိုးဖူးစာ**(အပိုင်း-၉)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ(အပိုင်း-၂၂)**
၁၉။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ညောင်ဦးမြို့နယ် ကမ္မသောက်သုံးရေကန် တူးဖော်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရေလှောင်တွင်းမှ ရေကိုသွယ်ယူ၍ သုခရင်စပါးမျိုး စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွင်းရွာကျေးရွာအုပ်စုမှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဒေသအတွင်း မိုးရွာသွန်းမှုအခြေအနေ၊ စပါးအပါအဝင် မိုးသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေ၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း၊ တစ်ဧကအလိုက် ဝင်ငွေအခြေအနေ၊ စိုက်ပျိုးရေးအတွက် ရေရရှိမှုအခြေအနေတို့ကို မေးမြန်းပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်ကြရန် အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တူးဖော်ထားသည့် စက်ရေတွင်းအမှတ် PB-001(A) ရေလှောင်တွင်းမှ ရေများထွက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများက ပျော်ဘွယ်မြို့နယ် ဘုရားငါးဆူဒေသ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ဧက၄၀၀ကို အကျိုးပြုနိုင်သည့် စက်ရေတွင်း၅၀ တူးဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် တူးဖော်ပြီးစီးသည့် စက်ရေတွင်းများမှ စိုက်ပျိုးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပျော်ဘွယ်-ဘုရားငါးဆူလမ်း၊ ခရိုင်ချင်းဆက် လမ်းအမှတ်(၂)နှင့် သာစည်-ရွှေညောင်လမ်းတို့၏ လမ်းပိုင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဩဂုတ်၂၂ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မိတ္ထီလာမြို့မှ ထွက်ခွာလာရာ နံနက် ၈နာရီတွင် မလှိုင်မြို့နယ် လယ်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၂၈၀/၂၆၀၇)ရှိ တောင်သူဦးအောင်သိန်း၏ မိုးစပါးစိုက်ခင်းသို့ ရောက်ရှိကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လယ်ကြီးကျေးရွာအုပ်စုမှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီပေါင်းစည်းလယ်ယာစနစ် ကျင့်သုံးအကောင်အထည်ဖော်ရေး၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဇီဝဓာတ်ငွေ့အသုံးပြုရေးတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် မလှိုင်မြို့အဝင် စပါးစိုက်ခင်း၌ စပါးစုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး မိတ္ထီလာ-မလှိုင်-တောင်သာလမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ လမ်းတစ်လျှောက် စပါးနှင့် ရာသီသီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောက်ကာတောင်ကုန်းကျေးရွာသို့ ရောက်ရှိကြရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နည်းလမ်းရှာကြံဆောင်ရွက်

ယင်းနောက် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တောင်သာမြို့နယ် ကွဲတလင်း၊ ခိုဇင်၊ ထနောင်းကုန်း၊ ကျောင်းစု၊ မန်ကျည်းကုန်း၊ တောင်ကုန်း၊ ကျောက္ကာနှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပျော်ဘွယ်မြို့နယ် ဘုရားငါးဆူဒေသ တွင်းရွာရှိ တောင်သူ ဦးမြင့်ဦး လယ်မြေတွင် ရေလှောင်တွင်းမှ ရေကိုသွယ်ယူ၍ သုခရင်စပါးမျိုး စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ထုတ်ယူသုံးစွဲ

အဆိုပါ စက်ရေတွင်းကို နယ်စပ်ဒေသန
ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြ
ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးေ
(JICA)တို့ ပူးပေါင်းဆောင်ရွက်သော အပူပိုင်း
နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းက
ကျေးရွာမှ ဒေသခံပြည်သူများ တစ်နေ့လျှင် ရေ
သုံးစွဲလျက်ရှိသည်။

ထိုမှတစ်ဆင့် ညောင်ဦးမြို့နယ် တောင်ဇ
ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိစက်ရေတွင်းမှ
သုံးစွဲနေမှုကိုလည်းကောင်း၊ ကမ္မသောက်သုံးရေ
လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြ
တွေ့ဆုံမေးမြန်း နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့
ရှင်မိန်ကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလု
စက်ရေတွင်းမှ ရေစတင်ထုတ်ယူနေမှုကို ကြည့်

ဖြန့်ဝေပေး

ညောင်ဦးမြို့နယ် ကျေးလက်ဒေသ သော
ယခုအခါ ရေလိုအပ်လျက်ရှိသော ကျေးရွာပေါ
ပေါင်း ၂၂၅တွင်း တူးဖော်ပြီးစီးပြီဖြစ်ပြီး ဒေသခံ
ရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည
ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင
မြကန်မှတစ်ဆင့် ဖွားစောကျေးရွာအုပ်စု ကန်
(၁၅၆၅)ရှိ စပါးစိုက်ဧက ၂၃ဿမ၈ဧက၌ လေ

စီမံကိန်း ရေတင်အဆင့်(၃)၊ လက်တံ(၂)မြောင
စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး ယခင်က
ဒေသ၌ စပါးဖြစ်ထွန်းအောင်မြင်မှုကို စံနမူနာယူ
နိုင်ငံတော်က ငွေကြေးအကုန်အကျခံ ကြို
မြစ်ရေတင်စီမံကိန်းကို အကျိုးရှိရှိအသုံးချကြရန်

ရှင်းလင်းတင်ပြ

ထို့နောက် ညောင်ဦးမြို့နယ် လောကနန္ဒာ
ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လယ်ယာစ
ဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌ
တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် စိ
အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိ
တိုင်းမှူး ဗိုလ်ချုပ်တင်ငွေတို့က ဖြည့်စွက်ရှင်းလ
ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင
သည်များကို မှာကြားပြီး မြစ်ရေတင်စီမံကိန်း
ကြည့်ရှုစစ်ဆေးသည်။

လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
ခြောက်ခုဖြင့် စိုက်ပျိုးမြေ ဧက ၁၀၀၀၀ကျော်ကို
စီမံကိန်းဖြစ်သည်။

အားပေးဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပျော်ဘွယ်မြို့န
မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦး
များအား သက်ဆိုင်ရာစုရပ်များ၌ တွေ့ဆုံအားပေ

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေး

အခြေအနေများကိုလည်းကောင်း၊ သာစည်-ညောင်ရမ်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်သည် မိတ္ထီလာခရိုင် သာစည်မြို့ကို ဖြတ်သန်းကြည့်ရှုပြီး သာစည်မြို့နယ် အပျောက်ကျေးရွာ ကွင်းအမှတ်(၁၈၂၀)ရှိ တောင်သူဦးမြင့်အောင်၏ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ဧက ၈ဒသမ၅၀ စိုက်ပျိုးအောင်မြင်နေမှုအခြေအနေကို ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ကြိုးပမ်းအားထုတ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးထားသော ရေရရှိရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို စနစ်တကျအသုံးပြု၍ မိမိတို့၏ လူနေမှုဘဝ တိုးတက်မြင့်မားအောင် မိမိတို့ကိုယ်တိုင် ကြိုးပမ်းအားထုတ်ရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ ကွင်းအမှတ် (၁၈၁၉)ရှိ မိုးစပါး စံပြစိုက်ခင်း ၂ ဒသမ၃၅ ဧက စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆီမီးကန်ကျေးရွာတို့မှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်ရရှိရေး၊ ရေရှားပါးသည့် ကျေးရွာများ၌ ရေရရှိအောင် နည်းလမ်းရှာကြံဆောင်ရွက်ရေး၊ ဇီဝလောင်စာဖြင့် လျှပ်စစ်မီးပေးနိုင်ရေး စသည့် တောင်သူလယ်သမား အကျိုးဖြစ်စေမည့်လုပ်ငန်းများကို မေးမြန်းဆွေးနွေး မှာကြားသည်။

စူးစမ်းရှာဖွေ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာများမှ ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ဝဲလောင်ဆည်နှင့် သမက္ကူဆည်ရေပေးမြောင်းများမှတစ်ဆင့် ရေစုပ်တင်ပြီး စိုက်ပျိုးရေဖြန့်ဝေနိုင်မည့် နည်းလမ်းများ စူးစမ်းရှာဖွေသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်သာမြို့နယ် ဝဲလောင်ကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိကြရာ တောင်သာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ဦးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့၏ ကွင်းဆင်းကုသပေးနေမှုကို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ညောင်ဦးမြို့နယ် ဂျမ်းလှီးကျေးရွာရှိ စက်ရေတွင်း၌ ဒေသခံပြည်သူများ ရေသယ်ယူသုံးစွဲနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေးသည်။ ဆေးဝါးကုသမှုခံယူကြသည့် ဒေသခံပြည်သူများအားလည်း ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆေးရုံအတွက် ဆေးဝါးများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

အခမဲ့တပ်ဆင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မျက်စိရောဂါဝေဒနာရှင်များအား မျက်မှန်များကို အခမဲ့တပ်ဆင်ပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာအုပ်စုရှိ တောင်သူဦးထွန်းထွန်း၏ နေကြာစိုက်ခင်းသို့ရောက်ရှိပြီး ပုပ္ပားကျေးရွာ၊ ကန်လွင်မြောက်ကျေးရွာ၊ အင်တောကျေးရွာ၊ စီရင်စုကျေးရွာနှင့် ကန်သာယာကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ စိုက်ပျိုးရေးလုပ်ငန်းအခြေအနေ၊ မိုးရွာသွန်းမှုအခြေအနေတို့ကို မေးမြန်းပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ဂျမ်းလှီးကျေးရွာရှိ စက်ရေတွင်းနှင့် ဒေသခံပြည်သူများ ရေသယ်ယူသုံးစွဲနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထုတ်ယူသုံးစွဲ

အဆိုပါ စက်ရေတွင်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်သော အပူပိုင်းဒေသ ကျေးလက်ရေရရှိရေး နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းက တူးဖော်ခဲ့ခြင်းဖြစ်ပြီး ဂျမ်းလှီး ကျေးရွာမှ ဒေသခံပြည်သူများ တစ်နေ့လျှင် ရေဂါလန် ၁၀၀၀၀ခန့် ထုတ်ယူ သုံးစွဲလျက်ရှိသည်။

ထိုမှတစ်ဆင့် ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ဘုန်းတော် ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိစက်ရေတွင်းမှ ဒေသခံပြည်သူများ ရေသယ်ယူ သုံးစွဲနေမှုကိုလည်းကောင်း၊ ကမ္ဘသောက်သုံးရေကန် တူးဖော်ပြုပြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်း နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ် ရှင်မိန်ကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းသို့ ရောက်ရှိကြပြီး စက်ရေတွင်းမှ ရေစတင်ထုတ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ဖြန့်ဝေပေး

ညောင်ဦးမြို့နယ် ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးအတွက် ယခုအခါ ရေလိုအပ်လျက်ရှိသော ကျေးရွာပေါင်း၂၁၈ရွာတွင် စက်ရေတွင်း ပေါင်း ၂၂၅တွင်း တူးဖော်ပြီးစီးပြီဖြစ်ပြီး ဒေသခံပြည်သူများအား သောက်သုံး ရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တုရင်တောင်ခြေရှိ မြကန်မှတစ်ဆင့် ဖွားစောကျေးရွာအုပ်စု ကန်ပေါက်ကျေးရွာ ကွင်းအမှတ် (၁၅၆၅)ရှိ စပါးစိုက်ကေ ၂၁၃သမဓကေ၌ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်

ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင်ပံ့ပိုး တောင်သူလယ်သမားများကလည်း မိမိကိုယ်တိုင် လုပ်ငန်းများကို ဖိဖိစီးစီး အားထုတ်လုပ်ကိုင်

စီမံကိန်း ရေတင်အဆင့်(၃)၊ လက်တံ(၂)မြောင်းမှ ရေကိုသွယ်ယူ၍ စပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး ယခင်က စပါးလုံးဝမစိုက်ပျိုးခဲ့သော ဒေသ၌ စပါးဖြစ်ထွန်းအောင်မြင်မှုကို စံနမူနာယူ၍ စပါးတိုးချဲ့စိုက်ပျိုးကြရန် နိုင်ငံတော်က ငွေကြေးအကုန်အကျခံ ကြိုးပမ်းတည်ဆောက်ထားသော မြစ်ရေတင်စီမံကိန်းကို အကျိုးရှိရှိအသုံးချကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ညောင်ဦးမြို့နယ် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် စိုက်ပျိုးမြေများသို့ ရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ် သည်များကို မှာကြားပြီး မြစ်ရေတင်စီမံကိန်း၏ ပင်မမြစ်ရေတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ထပ်ဆင့်ရေတင်စခန်း ခြောက်ခုဖြင့် စိုက်ပျိုးမြေ ဧက ၁၀၀၀၀ကျော်ကို ရေပေးဝေရန် စီမံထားရှိသည့် စီမံကိန်းဖြစ်သည်။

အားပေးဆောင်ရွက်နေ

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပျော်ဘွယ်မြို့နယ်၊ မလှိုင်မြို့နယ်၊ တောင်သာ မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့မှ ဒေသခံတောင်သူ များအား သက်ဆိုင်ရာစုရပ်များ၌ တွေ့ဆုံအားပေး မှာကြားရာတွင် ပြည်သူ များ၏ စားဝတ်နေရေးလိုအပ်ချက်များ တိုးတက်ပြည့်စုံလာစေရေးအတွက် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ၊ ယာမြေကို လယ်မြေများအဖြစ် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများ၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းမြင့်မားရေး လုပ်ငန်းများကို ဖိဖိစီးစီး အားပေးဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်မှုသည် ရေမြေရာသီဥတုအခြေအနေနှင့် စိုက်ပျိုးသူတို့၏ လုံ့လ၊ ဝီရိယအားစိုက်လုပ်ကိုင်မှုတို့အပေါ် တည်မှီလျက်ရှိကြောင်း၊ အောက်ပြည် အောက်ရွာ၌ လိုအပ်သည်ထက် မိုးပိုမိုရွာနေချိန်၌ မိုးခေါင်ရေရှားသည့် အညာ ဒေသတွင် မိုးခေါင်နေသဖြင့် စိုက်ပျိုးသူ တောင်သူလယ်သမားများအတွက် အခက်အခဲများ ကြုံတွေ့ရကြောင်း။

ရွေးချယ်စိုက်ပျိုး

ထို့ကြောင့် အညာဒေသ၌ ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း များကိုသာမက မြေအောက်ရေ ရရှိရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးပြီး စိုက်ပျိုးရေရရှိအောင် ကြိုးပမ်းစီမံပေးလျက်ရှိကြောင်း၊ သောက်သုံးရေအတွက် သာမက စိုက်ပျိုးရေအတွက်ပါ စက်ရေတွင်းများကို တိုးချဲ့တူးဖော်ပေးနေခြင်း ဖြစ်ကြောင်း၊ တောင်သူလယ်သမားများကလည်း နိုင်ငံတော်က အထောက် အကူပြု ဖန်တီးပေးထားသည့် အခြေအနေများကို ထိထိရောက်ရောက် အသုံးချ နိုင်အောင် ကြိုးစားကြရမှာဖြစ်ကြောင်း၊ မိမိ၏စားဝတ်နေရေးအတွက်၊ မိမိ၏ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းရေးအတွက် မိမိကိုယ်တိုင် ကြိုးပမ်း အားထုတ် လုပ်ကိုင်ရန်လိုအပ်ကြောင်း၊ ရာသီဥတုအခြေအနေပေးမှုအပေါ် ဖြစ်ထွန်းအောင်မြင်နိုင်သော သီးနှံများကို မှန်မှန်ကန်ကန် ရွေးချယ်စိုက်ပျိုး တတ်ရန်လိုကြောင်း။

အားထုတ်လုပ်ကိုင်

နိုင်ငံတော်အပိုင်းက ရေရရှိရေးလုပ်ငန်းကိုသာမက ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် အတတ်နိုင်ဆုံး ဖိဖိစီးစီး ပံ့ပိုးအထောက်အကူ ပြုသွားမှာဖြစ်ကြောင်း၊ တောင်သူ လယ်သမားများကလည်း မိမိကိုယ်တိုင် အားထုတ်လုပ်ကိုင်ရမည့် လုပ်ငန်းများ ကို ဖိဖိစီးစီး အားထုတ်လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

လမ်းခင်းနေမှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သာစည်-ညောင်ရမ်းလမ်းတွင် ကျောက်ချောလမ်း ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ငွေချည် (၆) ချည်မျှင်ရှည်ဝါ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သာစည်မြို့နယ် အပျောက်ကျေးရွာရှိ တောင်သူ ဦးမြင့်အောင်၏ ငွေချည် (၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုး အောင်မြင်နေမှုကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာအုပ်စုရှိ တောင်သူ ဦးထွန်းထွန်း၏ နေကြာစိုက်ခင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးထားသော ရေရရှိရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်း ဆက်သွယ်ရေးလုပ်ငန်းများကို စနစ်တကျအသုံးပြု၍ မိမိတို့၏ လူနေမှုဘဝ တိုးတက်မြင့်မားအောင် မိမိတို့ ကိုယ်တိုင် ကြိုးပမ်းအားထုတ်။

မြန်မာ့တိုင်းရင်းဆေးပညာနှင့် သွေးတိုးရောဂါ

မောင်လူမွန်
(သုတေသနနှင့်ဖွံ့ဖြိုးရေး)

ယနေ့ကမ္ဘာတွင် အသံတိတ်လူသတ်သမား (Silent Killer) ဟု ခေါ်ဆိုသတ်မှတ်ကြသည့် ရောဂါများအနက် သွေးတိုးရောဂါသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ လူသန်းပေါင်း ၁၅၀၀ကျော်သည် သွေးတိုးရောဂါခံစားနေကြ၍ နှစ်စဉ် လူခုနစ်သန်းခန့် သွေးတိုးရောဂါဖြင့် သေဆုံးနေကြရပါသည်။ သွေးတိုးရောဂါသည် လူသားတို့၏ နေထိုင်မှုဘဝပုံစံ (Life- Style) နှင့် အစားအသောက်ပေါ်တွင် များစွာတည်မှီလျက်ရှိပါသည်။ သွေးတိုးရောဂါသည် ကုန်ထုတ်စွမ်းအား အပြည့်အဝပေးစွမ်းနိုင်သည့် လူလတ်ပိုင်းနှင့် လူကြီးပိုင်းအရွယ်တွင် အဖြစ်များလေ့ရှိသဖြင့် သွေးတိုးရှိ/မရှိ သွေးပေါင်ချိန် မှန်မှန်စစ်ဆေးရန် လိုအပ်မည်ဖြစ်ပါသည်။ အနောက်တိုင်းဆေးပညာအလိုအရ သွေးတိုးရောဂါဆိုသည်မှာ အထက်သွေးပေါင်ချိန် (Systolic Pressure) ၁၄၀မီလီမီတာမာကျူရီ (140mmHg) နှင့် အောက်သွေးပေါင်ချိန် (Diastolic Pressure) ၉၀မီလီမီတာမာကျူရီ (90mmHg) အထက်သွေးဖိအား မြင့်တက်သောရောဂါ ဖြစ်ပါသည်။ သာမန်ကျန်းမာနေသည့် လူတစ်ဦး၏ သွေးဖိအားမှာ အထက်သွေးပေါင်ချိန် ၉၀မှ ၁၁၉ မီလီမီတာမာကျူရီ (90-119 mmHg)နှင့် အောက်သွေးပေါင်ချိန် ၆၀မှ၇၉မီလီမီတာမာကျူရီ (60-79mmHg) ဟု ယေဘုယျ သတ်မှတ်ပါသည်။ အထက်သွေး ၁၄၀မှ ၁၅၉မီလီမီတာမာကျူရီ (140-159mmHg) နှင့် အောက်သွေး ၉၀မှ ၉၉မီလီမီတာမာကျူရီ (90-99mmHg) ကို သွေးတိုး ပထမအဆင့်ဟု သတ်မှတ်၍ အထက်သွေး ၁၆၀မီလီမီတာမာကျူရီအထက်(>164mmHg)နှင့် အောက်သွေး ၁၀၀မီလီမီတာမာကျူရီအထက် (>100mmHg) ရှိပါက သွေးတိုးရောဂါ ဒုတိယအဆင့်ဟု သတ်မှတ်ကြောင်း တွေ့ရပါသည်။

အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

မြန်မာ့တိုင်းရင်းဆေးပညာ ဒေသနာနယ အလိုအရ ကံ-စိတ်-ဥတုနှင့် အာဟာရတည်းဟူသော သမုဋ္ဌာန်လေးပါးတို့ကို လွန်-ယုတ်-လွဲ မှားစွာ ကျင့်သုံးခြင်းကြောင့် သွေးအတွင်း တေဇောဓာတ်ဖောက်ပြန်၍ ပထဝီ-အာပေါဓာတ်လွန်ကဲပြီး ဝါယောဓာတ်အကျဉ်းကျသောရောဂါကို သွေးတိုးရောဂါဟု ခေါ်ဆိုသတ်မှတ်ပါသည်။ သွေးတိုးရောဂါကို ပါဠိဘာသာဖြင့် "ရတ္တစယရောဂ" ဟု ခေါ်ဆိုကြောင်း ကျမ်းစာများအရ သိရှိရပါသည်။

သွေးတိုးရောဂါဖြစ်ကြောင်းနှင့် သွေးတိုးခြင်းအမျိုးမျိုး

မြန်မာ့တိုင်းရင်းဆေးပညာအရ သွေးတိုးရောဂါ ဖြစ်စေတတ်သော အကြောင်းများမှာ-ကံ၊ စိတ်၊ ဥတုနှင့် အာဟာရတည်းဟူသော သမုဋ္ဌာန်အကြောင်းတရား လေးပါးအပေါ်တွင် တည်မှီနေပါသည်။ သွေးတိုးခြင်းအကြောင်းတစ်ရပ်ဖြစ်သော ကမ္မသမုဋ္ဌာန်တွင် ထ၊ ထိုင်၊ လျောင်း၊ သွားဟူသော ဣရိယာပုတ်များမမျှတခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ဆေးလိပ်၊ အရက်၊လက်ဖက်ရည်တို့ကို လွန်စွာမှီဝဲသောက်သုံးခြင်း၊ မိဘမျိုးရိုးကြောင့်ဖြစ်ခြင်း၊ စိတ္တသမုဋ္ဌာန်တွင် စိတ်လှုပ်ရှားခြင်း၊ စိတ်သောကများခြင်း၊ လောဘ၊ ဒေါသ၊ မောဟနှင့် မာနများကြောင့် စိတ်ဖိစီးခြင်း၊ ဥတုသမုဋ္ဌာန်တွင် အအေးလွန်ကဲသောနေရာတွင် နေထိုင်ခြင်း၊ အပူ-အအေး မမျှတခြင်း၊ နေပူမိခြင်း၊ နေပူထဲမှပြန်ရောက်ရောက်ချင်း ရေချိုးခြင်း၊ ရေခဲရေစသည်သောက်သုံးခြင်း၊ အာဟာရအရ ဆား၊ ငါး၊ ငါးပိ၊ ငံပြာရည်စသည့် အငန်ဓာတ်လွန်ကဲသော အစားအစာများ လွန်ကဲစွာစားသုံးခြင်း အဆီ၊ အစေး၊ အသားဓာတ်များ လွန်ကဲစွာစားခြင်း စသောသမုဋ္ဌာန်လေးပါး အကြောင်းတရားတို့ကို လွန်၊ ယုတ်၊ လွဲမှားစွာ ကျင့်သုံးခြင်းကြောင့် တေဇောဓာတ် ဖောက်ပြန်၍ ပထဝီ၊ အာပေါဓာတ်တို့ လွန်ကဲပြီး ဝါယောဓာတ် အကျဉ်းကျလျက် သွေးတိုးရောဂါဖြစ်ရခြင်း ဖြစ်ပါသည်။ ၎င်းသွေးတိုးရောဂါသည် မျိုးရိုးလိုက်၍လည်း ဖြစ်တတ်ကြောင်း တွေ့ရပါသည်။ သွေးတိုးရောဂါတွင် လေကြောင့်ဖြစ်သော သွေးတိုး၊ သည်းခြေကြောင့်ဖြစ်သော သွေးတိုး၊ သလိပ်ကြောင့်ဖြစ်သော သွေးတိုး၊ လေသည်းခြေကြောင့်ဖြစ်သော သွေးတိုး၊ လေသလိပ်ကြောင့်ဖြစ်သော သွေးတိုး၊ သည်းခြေသလိပ်ကြောင့်ဖြစ်သော သွေးတိုးဟု ဖြစ်ပေါ်ခံစားရသော လက္ခဏာအလိုက် ခွဲခြားသတ်မှတ်လေ့ရှိပါသည်။

သွေးတိုးရောဂါမဖြစ်ပွားမီ တွေ့ရှိရတတ်သည့် ရှေ့ပြေးလက္ခဏာများ

သွေးတိုးရောဂါ ဖြစ်တော့မည်ဆိုပါက ရှေ့ပြေးလက္ခဏာများအဖြစ် အိပ်၍မပျော်ခြင်း၊ အိပ်ရာမှမထဘဲ အိပ်ချင်နေခြင်း၊ ခေါင်းအမြဲမူးနေခြင်း၊ စိတ်တိုခြင်း၊ ဒေါသဖြစ်လွယ်ခြင်း၊ ဒေါသဖြစ်က ခေါင်းကိုက်ခြင်း၊ ဆီးဝါ-ဆီးနည်းခြင်း၊ ရေသောက်နည်းခြင်း၊ ဝမ်းချုပ်ခြင်း၊ အအိပ်ပျက်ခြင်း၊ အစားပျက်ခြင်း၊ အစာမကြေခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အလုပ်လုပ်ကိုင်ရာတွင် စိတ်ဝင်စားမှု နည်းပါးခြင်း၊ ရံဖန်ရံခါ ခြေဖျားအေးခြင်း၊ ချွေးထွက်နည်းခြင်းဟူသည့် လက္ခဏာများကို တွေ့ရှိရလေ့ ရှိပါသည်။

သွေးတိုးရောဂါခံစားနေရသူ၏ ဖြစ်ဆဲလက္ခဏာ

မြန်မာ့တိုင်းရင်းဆေးပညာဘေသဇ္ဇနယအရ သွေးတိုးရောဂါတွင် ဦးဆောင်လွန်ကဲသော ဒေါသကိုမူတည်၍ လက္ခဏာများ ကွဲပြားလေ့ရှိပါသည်။ သည်းခြေဒေါသကြောင့်ဖြစ်သော သွေးတိုးရောဂါတွင် မျက်လုံးနီ၊ ဝါ၊ ခြောက်သွေ့ခြင်း၊ ဝမ်းသွားလျှင်ဝမ်းမာခြင်း၊ ချုပ်ခြင်း၊ နီခြင်း၊ ဝါရောင်သန်းခြင်း၊ ချွေးထွက်ခြင်း၊ ရေငတ်ခြင်း၊ ရင်ပူခြင်း၊ ရုပ်သွက်လက်ခြင်း၊ ဇက်ကြောထိုးခြင်း၊ သွေးဖိအားများခြင်း၊ အမြဲလိုလို မူးဝေနေတတ်ခြင်းတို့ တွေ့ရတတ်ပါသည်။ အထက်သွေးဖိအားသာ မြင့်တက်ပြီး အောက်သွေးဖိအား မတတ်ကြောင်း တွေ့ရပါသည်။ သလိပ်ဒေါသကြောင့်ဖြစ်သာ သွေးတိုးရောဂါတွင် အသားအရေနှင့် လျှာတို့ဖြူ-ပြာ-ညို-ညစ်ခြင်း၊ ဆီး-ဝမ်း- လေတို့ချုပ်၍ ချွေးမထွက်ခြင်း၊ အဝလွန်ခြင်း၊ နှလုံးခုန်မြန်၍ သွေးတိုးခြင်းတို့ တွေ့ရတတ်ပါသည်။ ၎င်းသလိပ်ဒေါသကြောင့် သွေးတိုးပါက အထက်သွေးရော၊ အောက်သွေးပါ နှစ်မျိုးစလုံးတက်ကြောင်းတွေ့ရပါသည်။ လေဒေါသကြောင့် သွေးတိုးရောဂါတွင်- သွေးဖိအားမြင့်တက်ရာတွင် အထက်သွေးသာလျှင် မြင့်တက်လေ့ရှိခြင်း၊ သည်းခြေနှင့်သလိပ်ကြောင့်ဖြစ်သော လက္ခဏာများ ယှဉ်တွဲတွေ့ရခြင်းတို့ ဖြစ်ပါသည်။

သွေးတိုးရောဂါ ကုထုံးများ

မြန်မာ့တိုင်းရင်းဆေးပညာတွင် အထက်ဖော်ပြပါ လက္ခဏာများနှင့် တိုက်ဆိုင်စစ်ဆေး၍ လွန်ကဲသော ဒေါသ(အကြောင်း)ကို ဦးစွာနှိမ်နင်းကုသပါသည်။ ထို့နောက် ၎င်းအကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးကို ဆက်လက်ကုသပါသည်။ သည်းခြေဒေါသ(တိက္ခ)ကြောင့်ဖြစ်ပါက နံနက်နှင့် နေ့လယ်ဆေးအဖြစ် တိုင်းရင်းဆေးကုဋ္ဌာနသုံး သွေးဆေးနီနှင့်အကင်းဆယ်ပါးဆေးဆတူ လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို သကြားရည်ဖြင့် သောက်ပေးရပါမည်။ ညနေဆေးအဖြစ် အဘိညာဉ်(၁)ဆေးကို ရေအေးဖြင့်သောက်၍ ညဆေးအဖြစ် ဝမ်းချုပ်ပါက မုတ်ကဲဆေး ငါးပြားကို ရေအေးဖြင့်လည်းကောင်း၊ ဝမ်းမချုပ်လျှင် သည်းခြေဆေး လေးပဲသားကို ရေကျက်အေးဖြင့်လည်းကောင်း သောက်ရမည် ဖြစ်ပါသည်။

သလိပ်ဒေါသ(မန္ဒ)ကြောင့် ဖြစ်ပါက နံနက်၊ နေ့လယ်နှင့်ညနေဆေးများအဖြစ် သွေးဆေးနီလက်ဖက်ရည်ဇွန်းတစ်ဇွန်းအား ဒန့်သလွန်ရွက်သတ္တုရည်ဖြင့်လည်းကောင်း၊ ညပိုင်းတွင် မုတ်ကဲဆေး ငါးပြားအား ရေအေးဖြင့် လည်းကောင်း အစာစားပြီးချိန်တွင် အစာကြေလေပုပ်ထုတ်ဆေး လက်ဖက်ရည်ဇွန်း တစ်ဝက် သောက်နိုင်ပါသည်။

လေဒေါသ(ဝိသမ)ကြောင့်ဖြစ်ပါက နံနက်တွင် သွေးဆေးနီကို ဒန့်သလွန်ရွက် သတ္တုရည်ဖြင့်လည်းကောင်း၊ နေ့လယ်တွင် ဆေးပုလဲကလာပ်ကို သင်္ဘောမည့်ိုးရွက် ပြုတ်ရည်ဖြင့်လည်းကောင်း၊ ညနေတွင် ပြည်လုံးချမ်းသာ ဆေးကို ရှောက်ရည်ဖြင့်လည်းကောင်း၊ ညပိုင်းတွင်အပုပ်ချအပူသက်ဆေးကိုလက်ဖက်ရည်ဇွန်းတစ်ဝက် ရေအေးဖြင့်လည်းကောင်း သောက်ရမည်ဖြစ်ပါသည်။

သွေးတိုးရောဂါသည် စိတ်ဖိစီးမှု၊ စိတ်လှုပ်ရှားမှုကြောင့်လည်း ဖြစ်တတ်၍ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ စိတ်တည်ငြိမ်မှုရရှိအောင် ဆောင်ရွက်ခြင်းပြုလုပ်မှသာ စိတ်ကြောင့်ဖြစ်သောသွေးတိုး သက်သာစေနိုင်ပါသည်။ အဆိုပါ စိတ်ကြောင့် သွေးတိုးရောဂါကို ဆေးတိုက်ကျွေးပါက အပူငြိမ်းသွေးဆေးနှင့်အဘိညာဉ်ဆေးကို တစ်နေ့သုံးကြိမ် တောင်ကြာဥပြုတ်ရည်၊ စပါးလင်ပြုတ်ရည်၊ ထိကရုံးပြုတ်ရည်၊ တရုတ်နံနံစေ့အဆီတို့ဖြင့် တိုက်ကျွေးရန် လိုအပ်ပါသည်။

အထောက်အကူပြု ကုထုံးများ

သွေးတိုးဝေဒနာရှင်အား ဆေးတိုက်ကျွေးစဉ် ဆေးအာနိသင်ပိုမိုထက်မြက်ထိရောက်စေရန် ဒန့်သလွန်ရွက်သတ္တုရည်၊ ဆင်တုံးမနွယ်ပြုတ်ရည်၊ ကြိတ်မှန်ရွက်ပြုတ်ရည်၊ ဘုမ္မာရာဇာမြစ်ပြုတ်ရည်၊ ကုန်းခရာမြစ်သွေးရည်၊ ရေခရာမြစ်သွေးရည်တို့ တွဲဖက်၍ တစ်နေ့နှစ်ကြိမ် သောက်ပေးနိုင်ပါသည်။

အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့ကြောင့် သည်းခြေဒေါသလွန်ကဲ ဖောက်ပြန်ကာ အပူသွေးတိုးဖြစ်တတ်ပါသည်။ အပူအစပ်စာ အစားများသူတို့တွင်လည်း ဖြစ်တတ်ပါသည်။ အပူ(ဥဏှ)ကိုငြိမ်းစေမည့် အစားအစာများနှင့် စိတ်တည်ငြိမ်စေသော ဆေးအစာများ ကျွေးရပါမည်။ လေကြောင့်ဖြစ်သော ဝိသမသွေးတိုးတွင် ကျရောက်ဆဲရောဂါလက္ခဏာအရ အပူ(ဥဏှ)သို့မဟုတ် အအေး(သီတ)ကုထုံးဆေးချက်များ သို့မဟုတ် မျှတသော ကုထုံးဆေးချက်များပေးရပါမည်။ ဆင့်ပွားရောဂါများအတွက် အခြေအနေအရလိုအပ်သော နှလုံးအားဆေး၊ ကျောက်ကပ်အားဆေး၊ ဦးနှောက်နှင့်အာရုံကြော အားဆေးတို့သောက်ရန် လိုအပ်ပါသည်။

သွေးတိုးရောဂါ ကာကွယ်ခြင်းများ

သွေးဖိအား ပုံမှန်ထက်အနည်းငယ်မြင့်တက်သူများအား သွေးတိုးရောဂါ မဖြစ်ပွားစေရန် ဆားနှင့် အငန်အရသာရှိ အစားအစာများ လျှော့၍ စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းတစ်မျိုးမျိုးကို နေ့စဉ်ပြုလုပ်ခြင်း၊ ယခုဖော်ပြမည့် ဆေးဖက်ဝင် အပင်များအနက် လက်လှမ်းမီရာ တစ်မျိုးမျိုးအား သုံးစွဲခြင်းဖြင့် သွေးတိုးရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။ တရုတ်နံနံရွက် (သို့မဟုတ်) ဒန့်သလွန်ရွက် (သို့မဟုတ်) မြင်းခွာရွက် သတ္တုရည်၊ တစ်ခါသောက် လက်ဖက်ရည် အကြမ်းပန်းကန်တစ်ဝက် တစ်နေ့သုံးကြိမ်၊ စပါးလင်အမြစ် (သို့မဟုတ်) ခံတက်ခေါက် (သို့မဟုတ်) အလိုကျူ (သို့မဟုတ်) ထိကရုံး ပန္နငါးပါး (သို့မဟုတ်) ပဲနံ့သာစေ့ ပြုတ်ရည် တစ်ခါသောက် လက်ဖက်ရည် ပန်းကန်တစ်ဝက် တစ်နေ့သုံးကြိမ်၊ အကြောတစ်ထောင်၊ သိကြားမကိုင်၊ ပျားမြီးရွက်၊ ကွမ်းရွက်၊ ဇီရာ၊ တမာခေါက်၊ ကုက္ကိုခေါက်၊ စောင်ချမ်းခေါက်(တစ်မျိုးမျိုး)ကို အခြောက်လှန်း၊ အမှုန့်ကြိတ်၍ တစ်ခါသောက် လက်ဖက်ရည် ဇွန်းတစ်ဇွန်း တစ်နေ့သုံးကြိမ် တိုက်ကျွေး သုံးစွဲနိုင်ပါသည်။ သွေးတိုးကာကွယ်ဆေးအဖြစ် နံနက်ပိုင်းတွင် တိုင်းရင်းဆေးကုဋ္ဌာနသုံး သွေးဆေးနီနှင့် ညနေပိုင်းတွင် ပြည်လုံးချမ်းသာ ဆေးကို တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း သံပရာရည်ဖြင့် သောက်နိုင်ပါသည်။

သတိပြုဆင်ခြင်ဖွယ် သွေးတိုးအန္တရာယ်

သွေးတိုးသည် ကျား၊ မ မရွေးဖြစ်တတ်သောရောဂါဖြစ်သည်။ ပြင်းထန်သော သွေးတိုးရောဂါတွင် အောက်သွေးမြင့်တက်လေ့ရှိသဖြင့် ရောဂါကြာမြင့်လာပါက- ခြေလက်တုန်ခြင်း၊ မူးဝေခြင်း၊ မောပန်းခြင်း၊ ကိုယ်တစ်ခြမ်းသေ လေဖြတ်ခြင်း (သို့မဟုတ်) သတိလစ်မေ့မြောခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှား၍ မရခြင်းတို့ဖြစ်စေ၍ အသက်အန္တရာယ် ဖြစ်စေတတ်ပါသည်။

လိုက်နာဆောင်ရွက်ရန်နှင့် ရှောင်ကြဉ်ရန်အချက်များ

သွေးတိုးရောဂါရှိသူများအနေဖြင့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း တစ်မျိုးမျိုး မပျက်မကွက် နေ့စဉ်မှန်မှန်ပြုလုပ်ရန် လိုအပ်ပါသည်။ စိတ်တည်ငြိမ်မှုရရှိစေသော လေ့ကျင့်ခန်းများ၊ သမထ၊ ဝိပဿနာလုပ်ငန်းများ၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းစသည်တို့ ပြုလုပ်ရပါမည်။ စိတ်ချမ်းသာအောင် ပြုမူနေထိုင်ရပါမည်။ ၎င်းဝေဒနာရှင်များအား ပူ၊ ခါး၊ စပ် အရသာရှိသော အစာများအား ဓာတ်စာအဖြစ် ပေးကျွေးရပါမည်။ ရှောက်ရွက်၊ ဥသျှစ်ရွက်၊ ရဲယိုရွက်၊ ဒန့်သလွန်ရွက်၊ မြင်းခွာရွက်၊ ပရန္နဝါရွက်တို့ကို ကြက်သား၊ ဆိတ်သား၊ ငါးကြင်း၊ ငါးရံ့တို့နှင့်ရောဖက်၍ ငရုတ်ကောင်း၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီထည့်ကာ ချက်စားနိုင်ပါသည်။ သွေးတိုးရောဂါ ဝေဒနာရှင်များအနေဖြင့် ဦးစားပေးဓာတ်စာဟင်းအဖြစ် ဆူးပန်းရွက်၊ ကြိတ်မှန်ပင် ပန္နငါးပါး၊ ကြက်ဟင်းခါးသီး၊ သမုန်း၊ ဇကရာဇ်၊ ရဲယိုရွက်၊ ကနဖော့၊ ဂုံမင်း၊ သံပရာ၊ ကြံဟင်း၊ ဆိပ်ဖူး၊ ခရမ်းကစော့၊ ပိုးစာရွက်တို့ကို ချက်ပြုတ်စားသောက်ခြင်း၊ ရှောက်ရွက်၊ ဥသျှစ်ရွက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်းတက်တို့ကို ထမင်းစားသည့်အချိန်တိုင်း တို့မြှုပ်စားပေးခြင်းတို့ ပြုလုပ်ရပါမည်။ အေးသောအချိန်တွင် ရေချိုးခြင်း၊ မိုးမိခံခြင်း၊ အအေးခံခြင်းတို့မှ ရှောင်ကြဉ်ရန် လိုအပ်မည်ဖြစ်ပါသည်။ သွေးတိုးရှိသူများသည် အထူးသဖြင့် ငန်သော အရသာရှိသည့်အစာများ၊ အဆီ၊ အဆိမ့်များသော အစာများ၊ ကောက်ညှင်း၊ ဒံပေါက်စသည့် ကြေညက်ခဲသောအစာများ၊ ဆော်ဒါပါသော ဖျော်ရည်အမျိုးမျိုး စားသောက်ခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

သွေးတိုးရှိ၊မရှိသိရှိနိုင်ရန် သွေးပေါင်ချိန် မှန်မှန်ချိန်သင့်ပါသည်။ သွေးတိုးရောဂါကြောင့် နှလုံးရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ ကျောက်ကပ်ရောဂါဖြစ်ခြင်းများ နောက်ဆက်တွဲဖြစ်ပေါ်နိုင်ပြီး အသက်အန္တရာယ်ပြုနိုင်မည့် အခြေအနေအထိ ရောက်ရှိနိုင်ပါသည်။ ထို့ကြောင့် သွေးတိုးရောဂါ မဖြစ်ပွားစေရန်နှင့် ဖြစ်ပွားပါက သက်သာမှုရရှိစေရန် အထက်ဖော်ပြပါ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကို ဂရုတစိုက်လိုက်နာကျင့်သုံးရန် အထူးလိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ အဓိက ကျန်းမာရေးပြဿနာများတွင် တစ်ခုအပါအဝင်ဖြစ်၍ အသံတိတ် လူသတ်သမားဟု အမည်ရသည့် သွေးတိုးရောဂါမှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

သွေးတိုးရှိ၊ မရှိ သိရှိနိုင်ရန် သွေးပေါင်ချိန် မှန်မှန်ချိန်သင့်။ သွေးတိုးရောဂါကြောင့် နှလုံးရောဂါဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ ကျောက်ကပ်ရောဂါဖြစ်ခြင်းများ နောက်ဆက်တွဲဖြစ်ပေါ်နိုင်ပြီး အသက်အန္တရာယ်ပြုနိုင်မည့် အခြေအနေအထိ ရောက်ရှိနိုင်။ သွေးတိုးရောဂါ မဖြစ်ပွားစေရန်နှင့် ဖြစ်ပွားပါက သက်သာမှုရရှိစေရန် အထက်ဖော်ပြပါ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကို ဂရုတစိုက်လိုက်နာကျင့်သုံးရန် အထူးလိုအပ်မည်ဖြစ်။ သို့မှသာ အဓိက ကျန်းမာရေးပြဿနာများတွင် တစ်ခုအပါအဝင်ဖြစ်၍ အသံတိတ် လူသတ်သမားဟု အမည်ရသည့် သွေးတိုးရောဂါ ကြိုတင်ကာကွယ်နိုင်မည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ အကြိုခြေစမ်းပွဲ မကွေးအက်ဖ်စီနှင့် အရှေ့ဘင်ဂေါ သရေကျ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - လှဲလှဲဝင်း (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ အကြိုခြေစမ်းပွဲအဖြစ် မကွေးတိုင်းကိုယ်စားပြု မကွေးအက်ဖ်စီနှင့် အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်းတို့သည် ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီသရေနဲ့ ပြီးဆုံးခဲ့ပါတယ်။

မကွေးအက်ဖ်စီ - နှစ်ဂိုး
အရှေ့ဘင်ဂေါ - နှစ်ဂိုး

ပြီးခဲ့တဲ့ MNL Cup ပြိုင်ပွဲတုန်းက ပြိုင်ပွဲအစမှာ ရလဒ်ကောင်းတွေ ဆက်တိုက်ရရှိခဲ့ပေမယ့် ပြိုင်ပွဲပြီးခါနီး အဆုံးအဖြတ်ကာလကျမှ ခြေချော်ပြီး နှစ်ပွဲဆက်အရှုံးနဲ့အတူ တတိယနေရာနဲ့ ကျေနပ်ခဲ့ရတဲ့ မကွေးအက်ဖ်စီအတွက်တော့ ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲမှာ အနိုင်ပွဲနဲ့လွဲခဲ့ပေမယ့် အကျိုးရှိခဲ့တဲ့ပွဲလို့ပဲဆိုရမှာပါ။ လာမယ့်ပြိုင်ပွဲမှာ အသုံးပြုဖို့ ခေါ်ယူထားတဲ့ နိုင်ငံခြားသားလေးဦးကို စမ်းသပ်နိုင်ခဲ့သလိုအားထားရတဲ့ တိုက်စစ်မှူးစည်သူဝင်း ခြေထောက်ကျိုးဒဏ်ရာကြောင့် ကာလရှည်ကြာစွာ အနားယူရမယ့်အချိန်မှာ တိုက်စစ်မှူး ခိုင်ဇော်ထွန်း ခြေစွမ်းပြနိုင်တာကတော့ မကွေးအက်ဖ်စီ တိုက်စစ်အတွက် အားတက်စရာပါပဲ။

ဖိကစား

မကွေးအက်ဖ်စီမှာ ကစားသမားသစ်တွေပါဝင်လာပေမယ့် အသင်းလိုက်ကစားပုံဟာ အမှားအယွင်းမရှိတာကြောင့် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပါတယ်။ ရှစ်ရက်အတွင်း ခြေစမ်းပွဲ လေးပွဲကို ကစားခဲ့ရတဲ့ အရှေ့ဘင်ဂေါအသင်းဟာ ပထမပိုင်းမှာ အမာခံကစားသမားအများစုကို အနားပေးထားခဲ့ပါတယ်။ အဲဒါကြောင့်ပဲ ပထမပိုင်းမှာ မကွေးအက်ဖ်စီရဲ့ ဖိကစားခြင်းကို ခံခဲ့ရပြီး ဂိုးတွေဆက်တိုက်ပေးလိုက်ရတာကြောင့် နောက်ကနေ လိုက်ကစားခဲ့ရပါတယ်။ မကွေးအက်ဖ်စီ အသင်းရဲ့ တိုက်စစ်အတွဲဖြစ်တဲ့ ခိုင်ဇော်ထွန်းနဲ့ အရှုနာတို့ဟာ အရှေ့ဘင်ဂေါခံစစ်ကို အကောင်းဆုံးဖိအားပေးနိုင်ခဲ့ပြီး ၂၇မိနစ်နဲ့ ၃၃မိနစ်မှာ တိုက်စစ်မှူး ခိုင်ဇော်ထွန်းက တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။

ဒုတိယပိုင်းမှာတော့ အရှေ့ဘင်ဂေါအသင်းဟာ ချေပဂိုးတွေပြန်ရဖို့ အပြောင်းအလဲတွေလုပ်ခဲ့ပါတယ်။ အားထားရတဲ့ တိုက်စစ်မှူး အက်မီဆင်နဲ့ ကွင်းလယ်လူဟာမက်ဂျေ့တို့ကို အရန်စာရင်းမှာ တောင် ထည့်သွင်းမထားတာကြောင့် ကျန်တဲ့အမာခံတွေကို အသုံးပြုခဲ့ပါတယ်။ အမာခံတွေကို ထည့်သွင်းကစားခဲ့လို့ အရှေ့ဘင်ဂေါတိုက်စစ်ဟာ ပိုကောင်းလာပြီး မကွေးရဲ့ကစားကွက်ကိုလည်း ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ၄၆မိနစ်မှာ ဘင်ဂီချို့နဲ့ မိနစ် ၅၀မှာ အီဘီစတန်တို့က ချေပဂိုးနှစ်ဂိုးကို ဒုတိယပိုင်းပြန်အစမှာပဲ သွင်းယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ပွဲဟာအပြန်အလှန်ရှိခဲ့သလို အရှေ့ဘင်ဂေါကတိုက်စစ်မှူး အီဘီစတန်ရဲ့ ခေါင်းတိုက်ချက်ဘားထိထွက်ခဲ့သလို မကွေးအက်ဖ်စီ က အရှုနာရဲ့ အပိုင်ကန်ချက်ကလည်း ဘေးထွက်ခဲ့လို့ နှစ်ဂိုးစီသရေနဲ့ ပြီးဆုံးခဲ့တာဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

မကွေး အက်ဖ်စီ အသင်းမှ ခိုင်ဇော်ထွန်း၏ ထိုးဖောက်မှုကို အရှေ့ဘင်ဂေါဂိုးသမားနှင့် နောက်ခံလူတို့ ဤကဲ့သို့ ကာကွယ်စဉ်။
(မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

အဆိုပါအမျိုးသမီးမှာ မြန်မာနိုင်ငံသို့ ဩဂုတ် ၂၂ရက်က ခရီးစဉ်အမှတ် MH-740 ဖြင့် ပြန်လည်ရောက်ရှိလာသူဖြစ်ပြီး ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားသည့် လူနာ ၂၅ဦးမြောက် ဖြစ်ကြောင်း သိရှိရသည်။

စောင့်ကြပ်ကြည့်ရှု

လူနာအမျိုးသမီးနှင့်အတူ စီးနင်းလိုက်ပါလာသည့် MH-740 လေယာဉ်စီးခရီးသည် ၉၉ ဦးနှင့် လေဆိပ်ဝန်ထမ်း ၁၃၁ ဦးအား ၎င်းတို့နေထိုင်ရာ နေရာများသို့ သက်ဆိုင်ရာက တုပ်ကွေးရောဂါလက္ခဏာ ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ယနေ့ ဩဂုတ် ၂၃ရက်တွင် ဝေဘာဂီဆေးရုံမှ အသက်၂၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာ ရောဂါပျောက်ကင်းပြီဖြစ်၍ ဆေးရုံမှဆင်းပေးလိုက်ကြောင်း၊ ၎င်းလူနာနှင့်ထိတွေ့ခဲ့သော မိသားစုဝင်လေးဦးအား နေအိမ်စောင့်ကြပ်ကြည့်ရှုခြင်းကိုလည်း ရပ်ဆိုင်းပြီးဖြစ်ကြောင်း သိရသည်။

ဆေးရုံမှဆင်း

မြန်မာနိုင်ငံ၌ ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသူ ၂၅ ဦးရှိပြီး ၂၁ဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှ ဆင်းပေးပြီးဖြစ်ကြောင်း၊ ကျန်လူနာလေးဦးကိုလည်း အထူးကုဆရာဝန်ကြီးများက စနစ်တကျ ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါပိုး New Influenza A(H1N1) ဟု သံသယရှိသူ ၁၈၇ဦးအား ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ၂၅ ဦးရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ဘယ်အချိန်မှာ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသင့်ပါသလဲ။

ဖြေ။ ။ ရောဂါကူးစက်မှု နည်းလမ်းများအရ အောက်ပါအခြေအနေများကို ဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်-

- **နှာချေ၊ ချောင်းဆိုးပြီးချိန်၊**
- **လုပ်ငန်းဆောင်ရွက်ပြီး ပြင်ပမှ ပြန်လာချိန်၊**
- **လူနာအသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ခြင်းနှင့် လူနာကို ပြုစုပြီးချိန်၊**
- **မိမိ၏ ပါးစပ် နှာခေါင်းစည်း ဖြုတ်သောအချိန်၊**
- **အစာမစားမီနှင့် စားပြီး ပြီးချိန်၊**
- **လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သော ရောဂါများနှင့် အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်လာသော ရောဂါများကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။**

မေး။ ။ ပါးစပ် နှာခေါင်းစည်း ဘယ်လို တပ်ဆင်အသုံးပြုရပါမလဲ။

ဖြေ။ ။ ရောဂါကာကွယ်ရေးအတွက် လက်ကို သန့်စင်စွာ ဆေးကြောခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် အဓိကကျသော နည်းလမ်းများအနက် ပါးစပ် နှာခေါင်းစည်း အသုံးပြုခြင်းသည် တစ်ခု ဖြစ်ပါသည်။

ပါးစပ် နှာခေါင်းစည်းကို အောက်ပါအတိုင်း စနစ်တကျ အသုံးပြုရန် လိုအပ်ပါသည်-

- **ပါးစပ်နှင့် နှာခေါင်းအား လုံခြုံအောင် တပ်ဆင်ရမည်၊**
- **ပါးစပ် နှာခေါင်းစည်းတပ်ဆင်ချိန်တွင် ပိုးမွှားများ ပြင်ပတွင်ကပ်နိုင်သဖြင့် လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ရှားရမည်၊**
- **ပါးစပ် နှာခေါင်းစည်း စိုထိုင်းလာလျှင် ပိုးမွှားများ လွယ်ကူစွာ ကပ်နိုင်သဖြင့် အသစ် လဲလှယ်တပ်ဆင်ရမည်၊**
- **ပါးစပ် နှာခေါင်းစည်းများကို အသုံးပြုပြီးလျှင် ပိုးသန့်စင်ရမည်၊**
- **တစ်ခါသုံး ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး စနစ်တကျ စွန့်ပစ်ရမည်၊**
- **ပြန်လည်အသုံးပြုနိုင်သော ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး သေချာစွာ လျှော်ဖွပ်၍ အသုံးပြုရမည်၊**
- **ပိုးသန့်စင်ရာတွင် 0.5% available chlorine ရရှိစေရန် Bleaching powder ဟင်းစားဇွန်း နှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ်(၃၀) စိမ်ထားကာ အသုံးပြုနိုင်သည်၊ မရှိပါက ရေနွေးဖြင့်ပြုတ်၍ ပိုးသန့်စင်ရမည်၊**
- **ပါးစပ်နှာခေါင်းစည်းများ အသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရမည်။ အရက်ပြန် (Alcohol rub) ကို အသုံးပြုနိုင်သည်၊**
- **ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျအသုံးပြုမှသာ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။**

စပါးနှင့် ချယ်လ်ဆီး သုံးပွဲဆက်တိုက်အနိုင်ရ တန်းတက်ဘန်လေ ဒုတိယမြောက်နိုင်ပွဲဆက်

ဖောင်ပိတ်အားကစားသတင်း - မြင့်မောင်စိုးရေးသားသည်

လန်ဒန် ဩဂုတ် ၂၃

ပရီမီယာလိဂ် ပွဲစဉ်(၃) လက်ကျန်ပွဲစဉ်များကို ဩဂုတ် ၂၃ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ယခုနှစ် ပရီမီယာလိဂ်အတွင်း သုံးပွဲဆက်တိုက် အနိုင်ရသော အသင်းဖြစ်လာသည်။

အိမ်ရှင်ဝက်စ်ဟမ်းက ဒုတိယပိုင်းပြန်စပြီး မကြာမီ ကာတန်ကိုးလ်၏ ၂၂ ကိုက်အကွာမှ သွင်းယူခဲ့သောဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့သည်။ သို့သော်လည်း စပါးအသင်းမှ ဂျာမိန်းဒီဖိုးက ပြန်လည်ချေပဂိုး သွင်းယူခဲ့သည်။

ဝက်စ်ဟမ်းနှင့် စပါးတို့ အနိုင်ဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၇၉ မိနစ်တွင် လင်နွန်က နောက်တန်းလူ ဂျုံနသန်စပက်တာ ဖျက်ထုတ်သောဘောလုံးကို ဖြတ်တားပြီး ဝဲခြေဖြင့်ကန်သွင်းယူခဲ့ရာမှ အနိုင်ဂိုးရရှိခဲ့သည်။ လင်နွန်၏ နောက်ကျဂိုးကြောင့် စပါးအသင်းအတွက် ရမှတ်သုံးမှတ် သေချာသွားသည်။

စပါးအသင်း၏ ပရီမီယာလိဂ်ပွဲစဉ် အစပထမဆုံး သုံးပွဲဆက်တိုက်အနိုင်ရရှိမှုမှာ ၄၉ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ နည်းပြ ဟာရီရက်နက်၏ စပါးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီတွင် ဝက်စ်ဟမ်းကို အနိုင်ရခဲ့သည့်အပြင် လီဗာပူးနှင့် ဟူးလ်စီးတီးတို့ကိုလည်း ခြေစွမ်းပြအနိုင်ယူထားသည်။

စပါးအသင်းမှ တိုက်စစ်မှူး လင်နွန် (ယာ)၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဘန်လေ နိုင်ပြန်ပြီ

တန်းတက်အသင်း ဘန်လေသည် ပွဲစဉ်(၂)တွင် လက်ရှိချန်ပီယံမန်ယူကို အနိုင်ရခဲ့ပြီးနောက် စိတ်ဓာတ်ရေးရာမြင့်မားနေ၍ အိမ်ကွင်း၌ အဲဗာတန်အသင်းကိုလည်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့ပြန်ပြီဖြစ်သည်။

ဘန်လေအသင်းသည် အိမ်ကွင်းပရိသတ်အားပေးမှုကြောင့် ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ပွဲစပြီး စက္ကန့် ၄၀အတွင်း မက်ကင်း ဖြတ်ပို့သော ဘောလုံးမှတစ်ဆင့် ပါတာဆင် ခေါင်းတိုက်ဂိုးသွင်းယူရာ ဂိုးဘားတန်းကျော်သွားသဖြင့် ဘန်လေတို့ တစ်ဂိုးနစ်နာခဲ့ရသည်။ သို့သော်လည်း ပွဲချိန် ၃၄ မိနစ်တွင် အယ်လီယောက အဲဗာတန်ဂိုးဧရိယာအစပ်မှသွင်းယူခဲ့၍ ဘန်လေတို့ အဖွင့်ဂိုးရရှိခဲ့သည်။

ပယ်နယ်တီလွဲ

ဒုတိယပိုင်းတွင် အဲဗာတန်တို့ ဘန်လေဘက်သို့ ပြန်လည်ထိုးဖောက်ကစားလာသည်။ ဘန်လေဂိုးဧရိယာအတွင်း ဟစ်ဘတ်အား ခရစ်မက်ကင်းက ဆွဲချခဲ့သဖြင့် ပယ်နယ်တီပေးခဲ့သည်။ ယင်းပယ်နယ်တီကို ဆာဟာသွင်းယူရာ၌ လွဲချော်ခဲ့သဖြင့် အဲဗာတန်တို့ ချေပဂိုးနှင့်လွဲခဲ့ရပြီး တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက်ဂိုးကို တိုက်စစ်မှူး အနယ်လ်ကာက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဖူလ်ဟမ်နှင့် ချယ်လ်ဆီး

ဖူလ်ဟမ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်တွင် တိုက်စစ်မှူး ဒရော့ဘာနှင့် အနယ်လ်ကာတို့၏ ဂိုးများဖြင့် ချယ်လ်ဆီးတို့ ရာနှုန်းပြည့်အောင်မြင်မှုကို ဆက်ထိန်းထားနိုင်ခဲ့သည်။

တိုက်စစ်မှူး ဒရော့ဘာက ပွဲချိန် ၃၉မိနစ်တွင် အနယ်လ်ကာ ဖြတ်ထိုးပေးသော ဘောလုံးမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ထို့အတူ အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာသည် ချယ်လ်ဆီးအသင်း၏ ဒုတိယဂိုးသွင်းယူရာတွင်လည်း အနယ်လ်ကာကို အကွက်ဆင်ပေးနိုင်ခဲ့သည်။ ဖူလ်ဟမ်အသင်းမှ ဒမ်ဆေး ရှစ်ကိုက်အကွာမှ အနီးကပ်ကန်ခွင့်ရသော်လည်း အခွင့်အရေးအမိအရ အသုံးမချနိုင်၍ ချေပဂိုးနှင့် လွဲခဲ့ရသည်။ ပွဲအပြီး ချယ်လ်ဆီးက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ။

(အင်တာနက်)

အားကစားနှင့် ပညာရေးပေါင်းစပ်မှုမြှင့်တင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များရေကူးပြိုင်ပွဲကျင်းပ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၃

ကြည်လင်စိမ်းလဲ့နေသောရေပြင်၊ ဖြောင့်တန်းညီညာစွာပြုလုပ်ထားသည့် ရေကူးလမ်း၊ ပြိုင်ပွဲဝင်ရန် အသင့်ပြင်ဆင်နေသော တက္ကသိုလ်ကောလိပ် ကျောင်းသား ကျောင်းသူများ မြန်မာ့အားကစားအဆင့်အတန်း မြှင့်မားတိုးတက်ရေးအတွက် အားကစားနှင့်ပညာရေးပေါင်းစပ်မှု၏ အကောင်အထည်ဖော်ခြင်းတစ်ရပ်ပင် ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် ရေကူးကန်၌ ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက နောက်ဆုံးဗိုလ်လုပွဲ ကျင်းပရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

"အားကစားနဲ့ ပညာရေး ပေါင်းစပ်မှု အကောင်အထည်ဖော်ခြင်း ဖြစ်ပါတယ်"

ဒေါက်တာခိုင်မြဲ
ဥက္ကဋ္ဌ
ပြိုင်ပွဲကျင်းပရေးကော်မတီ။

မြင်တွေ့

ဧည့်ပရိသတ်များ၊ ပြိုင်ပွဲဝင်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲကြီးကြပ်သူများ၊ မီဒီယာသမားများကို လှုပ်လှုပ်ရှားရှား မြင်တွေ့ရသည်။ ရေကူးပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာခိုင်မြဲနှင့် တွေ့ဆုံရာ၌ "အားကစားလောကမှာ ဉာဏ်ရည်မြင့်မားတဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ ပါဝင်ယှဉ်ပြိုင်ခြင်းဟာ အားကစားကဏ္ဍ ဒီထက်တိုးတက်လာမှာမို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခုလို လက်တွေ့ အကောင်အထည်ဖော် ပေါင်းစပ်ပေးမှုအဖြစ် ရေကူးပြိုင်ပွဲ ကျင်းပပေးခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲ ပြုလုပ်ပေးလိုက်တော့ ရှက်ပုန်းသီး ရေကူးသမားလေးတွေ ပေါ်ထွက်လာတာ တွေ့ရပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အမျိုးသမီး မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ စတင် တာထွက်မှုမြင်ကွင်း။
(မြန်မာ့အလင်း)

ယှဉ်ပြိုင်

ယခု ရေကူးပြိုင်ပွဲသို့ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ပဲခူးဒီဂရီကောလိပ်၊ ရန်ကင်းပညာရေးကောလိပ်၊ သဃ်န်းကျွန်းပညာရေးကောလိပ်နှင့် မော်လမြိုင်ပညာရေးကောလိပ်များမှ ကျောင်းသား ကျောင်းသူ ၁၁၄ဦးတို့ ပါဝင် ယှဉ်ပြိုင်ကြသည်ကို တွေ့ရသည်။

ကျင်းပ

ပြိုင်ပွဲကို ဩဂုတ် ၂၁ရက်နှင့် ၂၂ရက်များတွင် လူရွေးပွဲများ ကျင်းပခဲ့သည်။ ပွဲစဉ်အလိုက် နောက်ဆုံးဆန်ခါတင် လူရွေးချယ်ခဲ့ပြီး ဩဂုတ် ၂၃ရက်၌ ဗိုလ်လုပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများပီပီ စည်းကမ်းစနစ်ကျစွာ ပါဝင်ယှဉ်ပြိုင်နေကြသည့် မြင်ကွင်းကား ကြည်နူးချမ်းမြေ့စရာပင် ဖြစ်သည်။

အမျိုးသား မီတာ ၅၀ပက်လက်ကူးပြိုင်ပွဲကို စတင်ကျင်းပရာ ရေကူးလမ်းခြောက်လမ်းအတွင်း အစွမ်းကုန်ယှဉ်ပြိုင်နေကြသည့် ရေကူးပြိုင်ပွဲဝင်နေကြမှုကို တွေ့ရသည်မှာ အကြိတ်အနယ်ရှိလှသည်။ ပထမဆုံး ပန်းဝင်လာသူမှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မောင်အောင်ဗိုလ်မင်းဖြစ်ပြီး စံချိန်မှာ ၄၃ ဒသမ ၈၂စက္ကန့် ဖြစ်သည်။

ဆွတ်ခူး

ပွဲစဉ်(၂)အဖြစ် အမျိုးသမီးမီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ဒဂုံတက္ကသိုလ်မှ ငြိမ်းငြိမ်းကျော်သောင်းက ၄၇ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သလို ပွဲစဉ် (၃) အမျိုးသားမီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၌ ဒဂုံတက္ကသိုလ်မှ မောင်ကောင်းလင်းထက်က ပထမရရှိခဲ့သည်။ ပွဲစဉ် (၄) အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် မငြိမ်းငြိမ်းကျော်သောင်း၊ ပွဲစဉ် (၅) အမျိုးသားမီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ မော်လမြိုင်ပညာရေးကောလိပ်မှ မောင်မင်းမင်းထွန်း၊ ပွဲစဉ် (၆) အမျိုးသမီးမီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ ဒဂုံတက္ကသိုလ်မှ မငြိမ်းငြိမ်းကျော်သောင်း၊ ပွဲစဉ်(၇) အမျိုးသား

"ပြိုင်ပွဲတိုင်း ဝင်ပြိုင်လိုတဲ့ ဆန္ဒပြင်းပြနေပါတယ်"

မဇင်နိုနိုဇော်
ပထမနှစ်၊ ဝိဇ္ဇာဘွဲ့
သတင်းအတတ်ပညာ။

မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် မော်လမြိုင် ပညာရေးတက္ကသိုလ်မှ မောင်လင်းထက်အောင်နှင့် ပွဲစဉ် (၈) အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ဒဂုံတက္ကသိုလ်မှ မငြိမ်းငြိမ်းကျော်သောင်းတို့က ရွှေတံဆိပ်များ ဆွတ်ခူးသွားခဲ့ကြသည်။

ယခုပြိုင်ပွဲ၌ အကောင်းဆုံး အမျိုးသားရေကူးသမားဆုကို မော်လမြိုင်ပညာရေးကောလိပ်မှ မောင်လင်းထက်အောင်က ရရှိခဲ့ရာ "ကျွန်တော့်အတွက် ရေကူးအားကစားမှာ ပထမဆုံးအနေနဲ့ ဆုရရှိခြင်းပါပဲ။ ရွှေတစ်ခုနဲ့ ငွေတစ်ခုဖြစ်ပါတယ်။ ရေကူးအတွေ့အကြုံက ၁၀နှစ်လောက်ရှိပါပြီ၊ ပြိုင်ပွဲအနေနဲ့ကတော့ ပထမဆုံးဖြစ်ပါတယ်။ နိုင်ငံကိုယ်စားပြု ရေကူးပြိုင်ပွဲတွေ ဝင်ရောက်ဆင်နွှဲနိုင်အောင် ကြိုးစားသွားပါမယ်" ဟု ဆုယူအပြီး မြန်မာ့အလင်းသို့ ပြောပြသည်။

ထို့အတူ ယခုပြိုင်ပွဲ၏ အကောင်းဆုံး အမျိုးသမီး ရေကူးအားကစားဆုကို ရွှေတံဆိပ်လေးခုရရှိခဲ့သည့် မငြိမ်းငြိမ်းကျော်သောင်းက ဆွတ်ခူးရရှိခဲ့ရာ "ရေကူးအတွေ့အကြုံက လေးနှစ်ရှိပါပြီ။ ပြည်တွင်းမှာ ဆုတံဆိပ်ပေါင်း ၄၀ကျော်လည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ ရေကူးအားကစားနဲ့ မြန်မာ့ဂုဏ်ကို နိုင်ငံတကာကသိအောင် ကြိုးစားချင်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ပြောပြ

ထို့အပြင် အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ ဒုတိယငွေတံဆိပ် ရရှိခဲ့သူမှာ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ) ပထမနှစ်မှ မဇင်နိုနိုဇော်ဖြစ်သည်။ "ရေကူးအားကစားနဲ့ပတ်သက်ပြီး ပထမဆုံး ဆုတံဆိပ်ရရှိခြင်းပါပဲ။ ရေကူးလေ့ကျင့်တာကတော့ အချိန်ရတိုင်းပြုလုပ်ခဲ့တာပါ။ ပြိုင်ပွဲတိုင်းကို ဝင်ပြိုင်လိုတဲ့ဆန္ဒရှိသလို စူးစမ်းလေ့လာလိုတဲ့ စိတ်လည်းပြင်းပြပါတယ်။ သမီးတို့က မီဒီယာမျိုးဆက်တွေလေ"ဟု ပြောပြသည်။

ထက်မြက်သွက်လက်သော မီဒီယာမျိုးဆက်သစ်များ၏ နိုးကြားတက်ကြွမှုကို မြင်တွေ့ရသည်။ လူငယ်များပီပီ စူးစမ်းလိုစိတ်၊ လေ့လာလိုစိတ်နှင့် ကိုယ်တိုင်ပါဝင်ပြိုင်ပွဲဝင်လိုစိတ်များလည်း ထက်သန်လှသည်။ ယခုရေကူးပြိုင်ပွဲ၌ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ) ပထမနှစ်မှ မအေးသဇ္ဇာအောင်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အပြင် ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ) ဒုတိယနှစ်ကျောင်းသူများဖြစ်

"ရေကူးအားကစားနဲ့ နိုင်ငံ့ဂုဏ်ကို ဆောင်ပေးချင်ပါတယ်"

ငြိမ်းငြိမ်းကျော်သောင်း
ဒဂုံတက္ကသိုလ်။

သည့် မသန့်ညိုစောနှင့် မဖြူဝင်းသန့်တို့ကလည်း ရေကူးပြိုင်ပွဲ ဆုပေးပွဲတွင် ဆုတံဆိပ်များချီးမြှင့်ရာ၌ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသဖြင့် မီဒီယာမျိုးဆက်တို့၏ လှုပ်ရှားဝင်ဆံ့မှုကိုလည်း သတိပြုမိသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်မှု စွမ်းအားကြောင့် မြန်မာ့အားကစား အဆင့်အတန်း ပိုမိုမြင့်မားလာပေတော့မည်ဖြစ်ကြောင်း ရေကူးပြိုင်ပွဲမှအပြန် တွေးနေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၏ ပါဝင် ယှဉ်ပြိုင်မှု အင်အားကြောင့် မြန်မာ့အားကစား အဆင့် အတန်း ပိုမိုမြင့်မားလာပေတော့မည်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဈေးအရှေ့လမ်း၊ ဈေးအနောက်လမ်း၊ ဘူတာလမ်းနှင့် ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲယာတို့၏ ရေနုတ်မြောင်းများ ပိတ်ဆို့နေသဖြင့် မိုးအဆက်မပြတ် ရွာသွန်းသောအခါ ဈေးအတွင်းမှ ရေပုပ်ရေသိုးများ ရေလျှံခြင်း၊ ကတ္တရာလမ်းများ ပျက်စီးခြင်းနှင့် ခြင်များပေါက်ပွားခြင်းတို့ကြောင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများအား ဖော်ထုတ်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

မြို့မ(၃)ရပ်ကွက်သားများ

တညင်းသီးမှ အနံ့ဆိုးများမခံနိုင်

စာတည်းခင်ဗျား-

လှိုင်မြို့နယ် (၁၃)ရပ်ကွက် မဟာဆွေလမ်း နေအိမ်တစ်အိမ်တွင် နေထိုင်သော မိသားစုမှ နေရာဌားရမ်း၍ တညင်းသီးများ သိုလှောင်ထားသဖြင့် တညင်းသီးမှထွက်သော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နေရပါ၍ သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ပိုးသတ်ဆေးနံ့ကြောင့် ပတ်ဝန်းကျင် မခံနိုင်

စာတည်းခင်ဗျား-

ကျောက်ပန်းတောင်းမြို့ ဈေးကွက်သစ်ရပ်ကွက် (ဈေးအနောက်ဘက် ၂လမ်းကျော်) ဝိဒူရလမ်းမပေါ်ရှိ ပိုးသတ်ဆေးဆိုင်များသည် လူနေအိမ်အတွင်း သိုလှောင်ရောင်းချနေပါသဖြင့် ပတ်ဝန်းကျင်နေပြည်သူများ ပိုးသတ်ဆေးနံ့ကြောင့် ကျန်းမာရေး ထိခိုက်ရပါသောကြောင့် လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပိုးသတ်ဆေးနံ့မခံနိုင်သူများ

ဆိုင်ကယ်ပွဲစားတန်း ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၉လမ်းနှင့် မနော်ဟရီလမ်းမကြီးထိပ် လမ်းဆုံတွင် နေ့စဉ်နံနက်ပိုင်းမှစ၍ မော်တော်ဆိုင်ကယ်များ လမ်းပိတ်ဆို့ကာ ဆိုင်ကယ်အရောင်းအဝယ်ပြုလုပ်နေပါသဖြင့် ယာဉ်တိုက်မှုများ၊ လမ်းပိတ်ဆို့မှုများ မကြာခဏ ဖြစ်နေပါသောကြောင့် ဆိုင်ကယ်ပွဲစားတန်းအား နေရာပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ကံသာယာသား

ကောက်ညှင်းစပါးထောင်းသံ နားမခံနိုင်

စာတည်းခင်ဗျား-

ညောင်တုန်းမြို့ အမှတ်(၇)ရပ်ကွက် တောရကျောင်းလမ်းတွင် မုန့်ဆမ်းလုပ်ရာ၌ အသုံးပြုသည့် ကောက်ညှင်းစပါးများကို ညဉ့်နက်သန်းခေါင်တိုင်အောင် ထောင်းထုနေသောကြောင့် ပတ်ဝန်းကျင်နေသူများ နားမခံနိုင်သည့်အပြင် အနှောင့်အယှက်ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

ဘော်ဒီထုသံ ဆူညံလွန်း

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၀)ရပ်ကွက် ပင်လုံလမ်းနှင့် ဆောင်းဟေမာန်အိမ်ရာအဝင်လမ်းထောင့်ရှိ ကားဝပ်ရှော့၊ ကားဘော်ဒီဆေးအလုပ်ရုံတစ်ခုမှ ဘော်ဒီထုသံများ၊ ဆေးမှုတ်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ နေထိုင်သူများအား ကျန်းမာရေးထိခိုက်ရပါသဖြင့် သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ပတ်ဝန်းကျင်နေထိုင်သူများ**

မီးခိုးငွေ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မတ္တရာမြို့ အမှတ် ၂နယ်မြေ ဗိုလ်တေဇရပ်ကွက်အတွင်း ပုဂ္ဂလိက နို့ဆီချက်စက်ရုံပေါင်း ၁၅ရုံခန့်ရှိရာ ၄င်းစက်ချက်၊ လက်ချက်စက်ရုံများမှ နေ့စဉ်နှင့်အမျှ ထွက်ရှိသော မီးခိုးငွေ့ကြောင့် ရပ်ကွက်အတွင်း ပြည်သူများ ကျန်းမာရေး ထိခိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မတ္တရာသား

ကားလမ်းကပျက် သွားလာရေးခက်

စာတည်းခင်ဗျား-

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် တောင်ပိုင်းနယ်မြေမှ စံပြဘက်သွား ကားလမ်းပျက်နေပြီး နှစ်စဉ်မိုးရာသီရောက်တိုင်း ရေကြီးနစ်မြုပ်သောကြောင့် သွားလာရေးခက်ခဲပါသဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တပ်ကုန်းရပ်ကွက်သား

ကျူးကျော်အိမ်များကြောင့် လမ်းပိတ်ဆို့မှု ဆောင်ရွက်ပြီးစီး

၃-၈-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လားရှိုးမြို့ ရပ်ကွက်(၈) နှင့် ရပ်ကွက်(၁၂)ထောင့် အဝေရာဟူးမွန်ဆည်လမ်းနှင့်ရတနာဇေရုံ မြို့ပတ်လမ်းထိပ်ထောင့်ကွက်တွင် ကျူးကျော်နေအိမ်များအခိုင်အမာဆောက်လုပ်ပြီး ဈေးရောင်းချနေခြင်းကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပေါ်ရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ရပ်ကွက်အတွင်း ဓာတ်ငွေ့အိုးသိုလှောင်မှု ရှင်းလင်းပယ်ရှားပြီး

၃-၈-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မုံရွာမြို့အလယ် ရပ်ကွက် မွှောရုံလမ်းတွင် ဓာတ်ငွေ့အိုးသိုလှောင်မှု ပြောင်းရွှေ့ပေးပါ** ကိစ္စနှင့်စပ်လျဉ်း၍ အဆိုပါလုပ်ငန်းအား မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးပြီး ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

24-8 (12).pmd 1 8/24/2009, 1:47 AM

ရမ်းဗြဲစည်ပင်သာယာ အိုင်အိုဒင်းဆား ကွင်းဆင်းစစ်ဆေး

ရမ်းဗြဲ ဩဂုတ် ၂၃

ရမ်းဗြဲမြို့မဈေးအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းခင်သည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦးနှင့်အတူ မြို့တွင်း ဈေးဆိုင်များ၌ ရောင်းချသောဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိမရှိ စစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ICT Training Institute (ICTTI)
Software Development and Network Development
(၂၂)ပတ် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ဂျပန်နိုင်ငံ (JICA)နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့ပူးပေါင်းဖွင့်လှစ်သည့် [ICT Training Institute (ICTTI)] သင်တန်းဌာနတွင် Software Development and Network Development သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းများမှာ ၁၉-၁၀-၂၀၀၉ရက်တွင် စတင်မည်ဖြစ်ပြီး သင်တန်းကာလမှာ (၂၂)ပတ်ဖြစ်ပါသည်။

၃။ သင်တန်းများပြီးဆုံးပါက ဂျပန်နိုင်ငံ (JICA) နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့မှ ပူးပေါင်း၍ ပေးအပ်မည့် လက်တွေ့လုပ်ငန်းခွင်တွင်အသုံးချနိုင်သည့် နိုင်ငံတကာအဆင့်မီ Software Engineer နှင့် Network Engineer ဘွဲ့လွန်အဆင့်မြင့် အောင်လက်မှတ်များပေးအပ်မည် ဖြစ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များ ပြည့်စုံသူဖြစ်ရမည်။

(၁) B.C. Sc/ B.C. Tech/B.Tech.,(IT)/ B.E(IT)/ M.I.Sc/ M.C.Sc/ M.C.Tech/ M.A.Sc/ M.E(IT) ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။

(၂) မိမိနှင့်တကွ မိဘနှစ်ပါးလုံး ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၃) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအား အောင်မြင်စွာဖြေဆိုနိုင်သူ ဖြစ်ရမည်။

(၄) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များအား လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။

(၅) ပြင်ပမှ သင်တန်းတက်ရောက်မည့်သူများမှာ သင်တန်းကြေးပေးပြီး တက်ရောက်ရမည်ဖြစ်ပါသည်။

၅။ ပြင်ပမှ ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်၍ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သင်တန်းကြေး ကျပ်တစ်သိန်းငါးသောင်း (ကျပ် ၁၅၀၀၀၀)ပေးသွင်းရပါမည်။

၆။ လျှောက်ထားသူသည် အောက်ပါအတိုင်း ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်။

နေ့ရက်	စာမေးပွဲ	အချိန်	နေရာ
၂၈-၉-၂၀၀၉	Online Test	၉း၀၀နာရီမှ ၁၂း၀၀နာရီ	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)

၇။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)နှင့် (လှော်ကား)တို့တွင် လျှောက်ထားနိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)၊ ဘွဲ့လက်မှတ် (မိတ္တူ)၊ (၃)လထက် မကျော်လွန်သော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့်အတူ ၂၂-၉-၂၀၀၉ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၈။ အသေးစိတ် သိရှိလိုသည်များအား ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၄၂၈၊ ၀၁-၅၂၂၄၃၀တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
Advanced ICT Engineer Training
အပတ်စဉ်(၃)သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှိုင်တက္ကသိုလ်နယ်မြေ)တွင် အိန္ဒိယ-မြန်မာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော India-Myanmar Center for Enhancement of Information Technology Skills (IMCEITS) သင်တန်းဌာနတွင် Advanced ICT Engineer Training (၆)ပတ် သင်တန်းများနှင့် (၂၄)ပတ်သင်တန်းများ ဖွင့်လှစ်လျက်ရှိပါသည်။

၂။ ၎င်းသင်တန်းများတွင် Advanced ICT Engineer Training for Software Development ဘာသာရပ်များ သင်ကြားမည်ဖြစ်ပါသည်။ သင်တန်းတွင် Software Program များအား မိမိကိုယ်တိုင်တာဝန်ယူ၍ ရေးသားနိုင်ရန် သင်ကြားမည်ဖြစ်ပါသည်။ မိမိနှစ်သက်ရာ ပရိုဂရမ်စွမ်းရည်အားအခြေခံ၍ အောက်ပါသင်တန်းများမှ ကြိုက်နှစ်သက်ရာသင်တန်းအား သင်တန်းဝင်ခွင့်လျှောက်လွှာပေါ်တွင် သေချာစွာ ဖော်ပြ၍ လျှောက်ထားနိုင်ပါသည်။

(က) Java Programming Course (၂၄)ပတ်သင်တန်း

(ခ) MS.Net Programming Course (၂၄)ပတ်သင်တန်း

(ဂ) Java Programming Course (၆)ပတ်သင်တန်း

(ဃ) MS.Net Programming Course (၆)ပတ်သင်တန်း

၃။ သင်တန်းများပြီးဆုံးပါက အိန္ဒိယနိုင်ငံ C-DAC (Center for Development of Advanced Computing) Training School နှင့်မြန်မာနိုင်ငံသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့မှ ပူးပေါင်း၍ပေးအပ်မည့် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်သည့် ဘွဲ့လွန်ဒီပလိုမာ အောင်လက်မှတ်များ၊ Certificate များ ပေးအပ်မည်ဖြစ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များ ပြည့်စုံသူဖြစ်ရမည်။

(၁) ဘွဲ့သတ်မှတ်ချက်အရည်အချင်း

(က) **(၂၄)ပတ်သင်တန်းများအတွက် ပညာအရည်အချင်း သတ်မှတ်ချက်များ**

- B.C.Sc/B.C.Tech/B.Tech(IT)/B.E(IT)M.I.Sc/M.A.Sc/M.C.Sc/M.C.Tech/M.E(IT)ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- အခြားသိပ္ပံဘွဲ့ (B.Sc/M.Scဘွဲ့များ)ရရှိပြီးသူများလျှောက်ထားလိုပါက ကွန်ပျူတာပရိုဂရမ် အခြေခံရှိပြီး ဝင်ခွင့်စာမေးပွဲအောင်မြင်သူများဖြစ်ရမည်။

(ခ) **(၆)ပတ်သင်တန်းများအတွက် ပညာအရည်အချင်းသတ်မှတ်ချက်များ**

- B.C.Sc/B.C.Tech/B.Tech(IT)/B.E(IT)M.I.Sc/M.A.Sc/M.C.Sc/M.C.Tech/M.E(IT) ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။

(၂) မိမိနှင့်တကွမိဘနှစ်ပါးလုံး ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၃) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများအား အောင်မြင်စွာဖြေဆိုနိုင်သူ ဖြစ်ရမည်။

(၄) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှသတ်မှတ်ပေးထားသော ကတိခံဝန်ချက်များအား လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(၅) အခြားဝန်ကြီးဌာနများမှဝန်ထမ်းဖြစ်ပါက လျှောက်ထားလိုသူများသည် မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုအမိန့်စာ ပါရှိရမည်။

(၆) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာအတွက်(၃)လထက်မကျော်လွန်သည့် သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်းမှ ထောက်ခံစာများ ယူဆောင်လာရမည်။

၅။ ပြင်ပမှ ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်၍ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် အောက်ပါအတိုင်းသင်တန်းကြေး ပေးသွင်းရမည်။

စဉ်	သင်တန်းအမည်	သင်တန်းကြေး
၁။	၂၄ပတ်သင်တန်းများ	ကျပ် ၁၅၀၀၀၀ (ကျပ်တစ်သိန်းငါးသောင်း)
၂။	၆ပတ်သင်တန်းများ	ကျပ် ၄၀၀၀၀ (ကျပ်လေးသောင်း)

၆။ ဝင်ခွင့်စာမေးပွဲများအား အောက်ဖော်ပြပါအစီအစဉ်များအတိုင်း နှစ်ကြိမ်ခွဲကျင်းပမည်ဖြစ်၍ လျှောက်ထားလိုသူများသည် မိမိတို့နှစ်သက်ရာအကြိမ်တွင် လျှောက်ထားဖြေဆိုနိုင်ပါသည်။

နေ့ရက်	စာမေးပွဲ	နေရာ	လျှောက်လွှာပိတ်ရက်
၁၅-၉-၂၀၀၉	OnlineTest (ပထမအသုတ်)	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)	၄-၉-၂၀၀၉
၂၃-၉-၂၀၀၉	OnlineTest (ဒုတိယအသုတ်)	ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)	၁၁-၉-၂၀၀၉

၇။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် လျှောက်ထားနိုင်သည်။

၈။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၁-၆၆၂၃၂၉သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အထက(၂)မှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ထွန်းနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ စုပေါင်း၍ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)သို့ ဆန်အိတ်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၁ရက်က ဒဂုံ အထက(၂) ဆရာကြီး ဦးဘလွင်ခန်းမ၌ ကျင်းပရာ အဖွဲ့နာယက ဦးစိုးဝင်း (သတင်းထောက်စဉ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ထွန်းက ဆန်အိတ်များ ပေးအပ်စဉ်။ (၁၂၇)

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

၁၃-၁-၂၀၀၇ရက်ထုတ် ဤသတင်းစာပါ မစိုးမာသောင်း (Baby Rose) နှင့် မောင်ကြည်သော်ထွန်း (Andrew Caesar) တို့၏ စေ့စပ်ကြောင်းလမ်းခြင်းအား စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ကျွန်မဘက်က ဖျက်သိမ်းလိုက်ပါကြောင်း။

မစိုးမာသောင်း ၁၂/တမန(နိုင်)၀၉၆၁၆၀။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်တော် မောင်ချစ်ဇော်နှင့် မသန္တာသိန်း(ခ)မေသန္တာတို့သည် ၂၁-၈-၂၀၀၉ ရက်တွင် တောင်ဥက္ကလာပတရားရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင် မသန္တာသိန်းနှင့်ပတ်သက်သော ကိစ္စများကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

မောင်ချစ်ဇော် ၁၂/ဥကတ(နိုင်)၁၂၁၄၂၀။

မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၃

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

<u>ဩဂုတ် ၂၄ ရက် ညနေအထိခန့်မှန်းချက်မှာ</u> ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မုတ်သုံလေအား အသင့်အတင့်ရှိမည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး နမ့်ခမ်းတွင် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နမ့်ခမ်း ဩဂုတ် ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိုးညီညီနှင့် ကျန်းမာရေးဝန်ထမ်းများ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးမှူး ဦးတင်အောင်လွင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဩဂုတ်၂၂ရက်က နောင်စန့်ရပ်ကွက်နှင့် ဟိုကတ်ရပ်ကွက်တို့တွင် ခြင်ခိုအောင်းနိုင်သော နေရာများသို့ ခြင်ဆေးဖျန်းခြင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်

နမ့်ခမ်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ဇူလိုင်လ ဒုတိယပတ်မှစ၍ မြို့ပေါ်ရပ်ကွက်များ၊ စာသင်ကျောင်းများ၊ မြို့မဈေးတို့တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရေနုတ်မြောင်းရှင်းလင်း

ထို့ပြင် ရပ်ကွက်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းရေမြောင်းများရှင်းလင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ရပ်ကွက်အလိုက် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြာအင်းဆိပ်ကြီးမြို့ ဇမိရတနာဈေး၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုကို ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြေယာရှုခင်းအလှ

ပဲခူးတိုင်း ရေတာရှည်မြို့နယ်ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာ ဝန်ထမ်းများက လမ်းဘေးဝဲယာ မြေယာရှုခင်းအလှ ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သထုံမြို့ လိပ်အင်းရပ်ကွက် မင်းလမ်းဘေး ကပ်တုံးများဆောင်ရွက်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ခင်သင်းစု ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းက ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စော်ဘွားကန်ရေပေးရေးတွင် ရေစက်ရုံတည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်အောင်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သက်တမ်းရင့် ရှေးဟောင်းနန်းတော်များ

သက်တမ်းရင့် ရှေးဟောင်းနန်းတော်များ သက်တမ်းရင့် ရှေးဟောင်းနန်းတော်များ သက်တမ်းရင့် ရှေးဟောင်းနန်းတော်များ သက်တမ်းရင့် ရှေးဟောင်းနန်းတော်များ

ကမ္ဘာတစ်ဝန်းတွင်ဒီဇိုင်းပုံစံလှပပြီး သက်တမ်းရင့်သောရှေးဟောင်းနန်းတော်များရှိရာ ယင်းတို့အနက် ထူးခြားသည့် ရှေးဟောင်းနန်းတော်အချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ဝက်မင်စတာနန်းတော်

ဗြိတိန်နိုင်ငံလန်ဒန်မြို့တွင် တည်ရှိသည်။ လန်ဒန်မြို့သိမ်းမြစ်၏ မြောက်ဘက်ကမ်းနဖူးပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။(ဝဲပုံ) ဗိသုကာပညာရှင်ဆာချာလက်စ်ဘာရီနှင့် ၎င်း၏ လက်ထောက်ဗိသုကာပညာရှင်ဖြစ်သူ အောရူစတုစ်ဝဲလ်ဘိုင်ပူဂင်တို့က ပုံစံထုတ် တည်ဆောက်ခဲ့သည်။ ဝက်မင်စတာ နန်းတော်ကို ၁၉ရာစုက တည်ဆောက်ခဲ့ ခြင်းဖြစ်ပြီး အခန်းပေါင်း ၁၁၀၀ဖြင့်ဖွဲ့စည်းထားသည်။ လက်ရန်းပါသော လှေကားပေါင်း ၁၀၀နှင့် ငါးကီလိုမီတာရှည်သော စင်္ကြံပါရှိသည်။

(အင်တာနက်)



ဗာဆိုင်းနန်းတော်

ပြင်သစ်နိုင်ငံမြို့တော်ပါရီ၏အနောက်တောင်ဘက် ကီလိုမီတာ ၂၀ခန့်အကွာ ဗာဆိုင်းရွာ၌ တည်ရှိသည်။ ဗိသုကာပညာရှင် ဖီလီဘတ်လီရှိုင်က ဒီဇိုင်းပုံစံထုတ်လုပ်ကာ ၁၆၂၄ခုနှစ်ကတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကျောက်တုံးနှင့်အနီရောင်အုတ်များဖြင့်တည်ဆောက်ထားသည်။ ပြင်သစ်ဘုရင် လူးဝစ်-၁၆ ပြောင်းရွှေ့နန်းထိုင်ခဲ့သည်။ မြေဧရိယာအကျယ်အဝန်းမှာ ၁၁ဟက်တာရှိပြီး အခန်းပေါင်း ၇၀၀ဖြင့် ဖွဲ့စည်းထားသည်။ ၁၉၁၃ခုနှစ်၌ ကြမ်းခင်းဧရိယာစတုရန်းမီတာ ၅၁၂၁၀ ကျယ်ဝန်းသည့် အဆောက်အအုံအဖြစ် ပြန်လည် တည်ဆောက်ခဲ့သည်။ ယခုအခါပြတိုက်အဖြစ် အသုံးပြုထားသည်။

(ယာပုံ) (အင်တာနက်)

ပီနာအမျိုးသားနန်းတော်

ပေါ်တူဂီနိုင်ငံ ဆင်တရာမြို့၌တည်ရှိသည်။၁၄၉၃ခုနှစ်ကနန်းတက်ခဲ့သော ပေါ်တူဂီဘုရင်ဂျွန်-၂ထီးနန်းစိုက်ခဲ့ရာ နန်းတော်ဖြစ်သည်။ ဆင်တရာမြို့၏အမြင့်ဆုံး တောင်ထိပ်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ရာ ဆင်တရာမြို့၏နေရာမျိုးစုံမှ မြင်တွေ့နိုင်သည်။ ၁၇၅၅ခုနှစ်၌ လစ္စဘွန်း ငလျင်လှုပ်မှုဒဏ်ခံခဲ့ရပြီး ၁၈ရာစုက မိုးကြိုးပစ်ချမှုလည်း ခံခဲ့ရသည်။ ၁၈၄၇ခုနှစ်၌ ပြန်လည်ပြုပြင်ခဲ့ပြီး ၁၉၁၀ပြည့်နှစ်တွင် ပြတိုက်တစ်ခုအဖြစ်ပြောင်းလဲခဲ့သည်။ ပေါ်တူဂီနိုင်ငံ၏ နောက်ဆုံးဘုရင်မ အေမီလီရာ နန်းထိုင်ခဲ့သည်။ ၁၉၉၅ခုနှစ်၌ ယူနက်စကိုအဖွဲ့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင် အဆောက်အအုံဖြစ်လာသည်။ ***(အပေါ်ပုံ)***

(အင်တာနက်)

တဏှာဆင်ရိုင်း ကြမ္မာရိုင်းသို့ . . . .

နိုင်ငံတကာ မှုခင်း

သီရိဆာဒီစီမိုနီမည်သော မိန်းမချောလေးတစ်ဦးသည်အင်္ဂလန်နိုင်ငံဆောက်သမ်ပတန်မြို့တွင် နေထိုင်သူလေးဖြစ်သည်။ သူမ၏ အသက်မှာ ၂၀ကျော်သာရှိသေး၍ နုနယ်ပျိုမြစ်အလှသွေးကြွယ်သူလည်းဖြစ်သည်။ ငယ်ရွယ်ပြီး သွက်လက်ချက်ချာသဖြင့် အလုပ်ရှင်က သဘောကျ၏။ သူမ၏ အလုပ်ရှင်မှာ ဆီယန်ဟော့ဆင်ဆိုသူဖြစ်သည်။

မုဆိုးကျော့ကွင်း

စီမိုနီလုပ်ကိုင်သောအလုပ်မှာ စားသောက်ဆိုင်ဖြစ်သည်။ ၎င်းသည် ကျောင်းတစ်ဖက်တက်နေသူဖြစ်၍ ယင်းအလုပ်ကို အချိန်ပိုင်းမျှသာဝင်လုပ်နိုင်သည်။ ထိုအလုပ်ကို လုပ်ကိုင်ရင်း စီမိုနီသည် ဘဝကို ရုန်းကန်ခဲ့ရသည်။ ၎င်း၏ ဆွဲဆောင်သောအလှအပကြောင့် စားသောက်ဆိုင်မှာ လက်မလည်အောင် ရောင်းကောင်းခဲ့သည်။ ထို့ကြောင့်ပင် အလုပ်ရှင်ဆီယန်ဟော့ဆင်က စီမိုနီအား အစစအရာရာ မျက်နှာသာပေးဆက်ဆံခဲ့သည်။ ဤသို့ဖြင့် အလုပ်ပိုင်ရှင် စီမိုနီ **(ယာပုံ)**နှင့် ဟော့ဆင်တို့၏ အတိုင်းမသိရင်းနှီးခဲ့ရာမှ မုဆိုး၏ကျော့ကွင်း၌ ရွှေသမင် သက်ဆင်းရသကဲ့သို့ဖြစ်ခဲ့ရသည်။

ထိုစဉ်က စီမိုနီသည် စားသောက်ဆိုင်၌ အချိန်ပိုင်းအလုပ်ဝင်ရောက်လုပ်ကာ ပညာသင်စရိတ်ရရှိရေး ကြိုးစားနေရုံမက မိခင်

အိုကြီးကိုလည်း လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။ ဤသို့ဖြင့် စီမိုနီနှင့်မိခင်ဖြစ်သူ မာရီဆီဒေါ့တီတို့သည် အမေတစ်ခုသမီးတစ်ခု ဘဝကို ရပ်တည်ရုန်းကန်ခဲ့ကြသည်။ သို့သော် စီမိုနီ၏ဘဝသည် မငြိမ်းချမ်းခဲ့ပါ။ တဏှာဆင်ရိုင်းကြောင့် ကြမ္မာရိုင်းလေပြီ။

အမှုဖွင့်

တစ်နေ့သောအခါ မိခင်ဖြစ်သူ မာရီဆီဒေါ့တီသည် သမီးဖြစ်သူ စီမိုနီအလုပ်မှ ပြန်အလာကို လည်ပင်းရှည်သည်အထိ စောင့်မျှော်နေခဲ့သည်။ ညဉ့်သာနက်သွားသည်။ သမီးဖြစ်သူ စီမိုနီက ပြန်မလာတော့ပေ။ ဤသို့ဖြင့် သူမအလုပ်လုပ်ကိုင်ရာ စားသောက်ဆိုင်သို့ လိုက်လံစုံစမ်းကြည့်တော့ သူမ၏ကားထဲတွင် သေဆုံးလျက်တွေ့ခဲ့ရလေသည်။ မိခင်ဖြစ်သူလည်း သက်ဆိုင်ရာ ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။ သေမှုသေခင်းနှင့်ပတ်သက်၍ စစ်ဆေးသည့်အခါ စီမိုနီသည် အမျိုးသားတစ်ဦး၏ အစော်ကားခံရပြီး လည်ပင်းညှစ်သတ်ခြင်းခံခဲ့ရသည်ဟုဆိုသည်။

ပစ်မှတ်ထား

စီမိုနီအသတ်ခံရမှုနှင့်ပတ်သက်ပြီး ဆောက်သမ်ပတန်မြို့ရဲများက အပူတပြင်းစုံစမ်းထောက်လှမ်းသည်။ ရဲများက သံသယရှိသော ခုနစ်ဦးအား ဖမ်းဆီးစစ်ဆေးမေးမြန်းခဲ့သည်။ထိုအထဲတွင်စီမိုနီ၏ အလုပ်ရှင်ဆီယန်ဟော့ဆင် **(ယာပုံ-ဝဲလူ)** လည်း အပါအဝင်ဖြစ်သည်။ ရဲများက ၎င်းအား သံသယအရှိဆုံးသူအဖြစ် ပစ်မှတ်ထားခဲ့သည်။ မကြာမီ ဟော့ဆင်အား ရုံးထုတ်စစ်ဆေးခဲ့သည်။ တရားရုံးတွင် ၎င်း၏ ထွက်ဆို ဖြောင့်ချက်ပေးချက်အရ တရားရုံးက စုစုပေါင်း ထောင်ဒဏ်၂၇နှစ် ချမှတ်လိုက်သည်။

သို့သော်လည်း မစ္စတာဟော့ဆင်အနေဖြင့် သေဆုံးသူ စီမိုနီနှင့် ဆက်နွယ်မှုမရှိဟုဆိုကာ တရားရုံးသို့ အယူခံတင်သွင်းခဲ့သဖြင့် ရဲအဖွဲ့က အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်လျက် ဒီအင်န်အေစစ်ဆေးချက်ယူပြီး အထောက်အထားမတွေ့ရ၍ ထောင်မှ ပြန်လွှတ်ပေးခဲ့သည်ဟု ဆိုသည်။

ဤသို့ဖြင့် တရားခံမပေါ်သော ယင်းလူသတ်မှုကို ဆောက်သမ်ပတန်ရဲများက စုံစမ်းထောက်လှမ်းခဲ့သည်မှာ အနှစ်၃၀ပင်ရှိသွားပြီဖြစ်သည်။ ယင်းလူသတ်မှုမှာ ၁၉၇၉ခုနှစ် ဒီဇင်ဘာလကဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုအခါ မစ္စတာဟော့ဆင်သည်ပင် အသက် ၅၇နှစ်ရှိပြီဖြစ်သည်။ သံသယရှိသူ အချို့မှာ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ သို့သော်အမှုကား မဆွေးသေးပေ။ ရဲတပ်ဖွဲ့က စုံစမ်းနေဆဲဖြစ်သည်ကွင်းဆက်ဆပ်စပ်မှုအရ သံသယရှိသေဆုံးသူ အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို ပြန်ဖော်ပြီး သိပ္ပံပညာ



ရှင်များက ဒီအင်န်အေစစ်ဆေးနေပြီဖြစ်သည်။ တွေ့ရှိစစ်ဆေးချက် အပြည့်အစုံကို သိပ္ပံပညာရှင်များက ရဲတပ်ဖွဲ့သို့ ပေးအပ်မည်ဖြစ်သည်။

သမီးဖြစ်သူ ဒီစီမိုနီအားသတ်ခဲ့သောသူသည် မည်သူမည်ဝါဖြစ်သည်ကို မြင်တွေ့လိုကြောင်း အသက်၇၇နှစ်အရွယ်ရှိပြီဖြစ်သော မာရီဆီဒေါ့တီက ပြောကြားသည်။ ယင်းလူသတ်တရားခံ မဖော်ထုတ်နိုင်သေးသော်လည်း ထိုစဉ်က လူသတ်တရားခံမှာ လူငယ်တစ်ဦးသာ ဖြစ်နိုင်ကြောင်း ဆောက်သမ်ပတန်ရဲအရာရှိ မစ္စတာမက်တာဗစ်က ပြောကြားသည်။ ယင်းလူသတ်မှုကို လာမည့် ခြောက်ပတ်အတွင်း စစ်ဆေးဖော်ထုတ်သွားနိုင်လိမ့်မည်ဟု ရဲတပ်ဖွဲ့က မျှော်လင့်ထားသည်။

မည်သို့ပင်ဖြစ်စေ ဤဖြစ်ရပ်မှန်မှုခင်းကို ဖတ်ရှုခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမလေးများ၏ သတိပြုရမည့် ဆက်ဆံရေး၊မကောင်းမှုကျူးလွန်သူတစ်ဦးတစ်ယောက်သည် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဟူသော စကားကဲ့သို့ နှစ်ကာလမည်မျှပင် ကြာညောင်းသည်ဖြစ်စေ တိုးတက်ပြောင်းလဲလာသော သိပ္ပံခေတ်တွင် အမှုမှန်ကို ဖော်ထုတ်နိုင်သည့်ခေတ်သို့ရောက်ရှိနေပြီဖြစ်၍ ရာဇဝတ်ဘေး ပြေးလွတ်မည် မဟုတ်ကြောင်း၊ ဆင်ရိုင်းကဲ့သို့ တဏှာရာဂကို ထင်တိုင်းမစိုင်းသင့်ကြောင်း၊ အကယ်၍ ပြုမူမိပါက လက်ရှိ ပစ္စုပ္ပန်ဘဝတွင်သာမက သံသရာအထိ ဘဝကြမ္မာ သာယာဖြောင့်ဖြူးခြင်းမရှိဘဲ ရိုင်းပျနေဦးမည်သာဖြစ်ကြောင်း၊ ဘဝအသိသင်ခန်းစာများရရှိပါကြောင်း။ ။**ကိုးကား-အင်တာနက်**

မြင့်မောင်စိုး စုစည်းသည်။

လက်ရှိ ပစ္စုပ္ပန်ဘဝတွင်သာမက သံသရာအထိ ဘဝကြမ္မာ သာယာဖြောင့်ဖြူးခြင်းမရှိဘဲ ရိုင်းပျနေဦးမည်သာ။

ဘဝအမောပြေ

ဖြစ်ပုံက . . .

ရုပ်ရှင်ရုံအတွင်း လုံခြုံရေးစစ်ဆေးနေသော ဝန်ထမ်းတစ်ဦးက ထိုင်ခုံ၌ ထိုင်ကြည့်နေသူတစ်ဦးအား မေးလေသည်-

ဝန်ထမ်း ။ ။ ဒီခြင်းတောင်းလေးက ခင်ဗျားပစ္စည်းလား။

ရုပ်ရှင်ကြည့်သူ ။ ။ ဟုတ်ပါတယ်။

ဝန်ထမ်း ။ ။ ခြင်းတောင်းထဲက ဘာတွေလဲဗျ။

ရုပ်ရှင်ကြည့်သူ ။ ။ မြွေဟောက်တွေပါ။

ဝန်ထမ်း ။ ။ အပြင်မှာပဲ ထားလိုက်ပါဗျာ...အန္တရာယ်များပါတယ်။

ရုပ်ရှင်ကြည့်သူ ။ ။ ဟုတ်ကဲ့ ဟုပြောကာ ခြင်းတောင်းကိုကိုင်ကာ အလုပ်ရှုပ်နေသဖြင့်-

ဝန်ထမ်း ။ ။ ဘာလုပ်နေတာလဲ။

ရုပ်ရှင်ကြည့်သူ ။ ။ ဆရာပြောသလို မြွေဟောက်တွေ ခြင်းတောင်းအပြင်ကို ထုတ်ဖို့ လုပ်နေတာလေ။

ဝန်ထမ်း ။ ။ **'ဟိုက်'**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

မန္တလေးတိုင်း တောင်သာမြို့နယ်အတွင်းရှိ ပြည်သူများအား မျက်စိရောဂါနှင့် သွားနှင့်ခံတွင်းရောဂါ အခမဲ့ကုသပေးခြင်း လုပ်ငန်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနသည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မန္တလေးတိုင်း တောင်သာမြို့နယ်အတွင်းရှိ ပြည်သူများအား မျက်စိရောဂါနှင့် သွားနှင့်ခံတွင်းရောဂါ အခမဲ့ကုသပေးခြင်းတို့ကို ဩဂုတ် ၂၂ ရက်တွင် ဝဲလောင်တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။

အားပေး

အဆိုပါ အခမဲ့ရောဂါရှာဖွေစစ်ဆေးကုသခြင်းကို ဩဂုတ် ၂၂ရက် နံနက် ၁၁နာရီတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ လာရောက်အားပေးခဲ့သည်။ စာမျက်နှာ ၃ ကော်လံ ၁ ✳

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါဖြစ်ပွားသည့် လူနာတစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၅ ဦးရှိပြီဖြစ် လူနာတစ်ဦး ဆေးရုံမှ ထပ်မံဆင်းပြီ

နေပြည်တော် ဩဂုတ် ၂၃

မလေးရှားနိုင်ငံမှပြန်လာသူ အသက်(၃၈)နှစ်အရွယ် အမျိုးသမီးတစ်ဦး ဖျားသဖြင့် ဩဂုတ်၂၂ရက်က လေဆိပ်ကျန်းမာရေးဌာနမှ ဝေဘာဂီဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ လူနာထံမှ ဓာတ်ခွဲနမူနာကိုရယူပြီး ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာနတွင် စမ်းသပ်စစ်ဆေးခဲ့ရာ New Influenza A (H1N1) ပိုးတွေ့ရှိရကြောင်း၊ စာမျက်နှာ ၁၁ ကော်လံ ၁ ■

မျက်မှန်များတပ်ဆင်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တောင်သာမြို့နယ် ဝဲလောင်ကျေးရွာ တိုက်နယ်ဆေးရုံ၌ မျက်စိရောဂါဝေဒနာရှင်များအား မျက်မှန်များတပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

24-8 (20).pmd 1 8/24/2009, 1:47 AM